**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ခေတ်မီနိုင်ငံတော်တည်ဆောက်ဖို့ ဦးဆောင်နိုင်သူ ရွေးကြစို့။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၇၉)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ကြာသပတေးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၊ လေကြောင်းအတတ်သင်လေတပ်စခန်း ဌာနချုပ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ➜**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင် ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများအားစစ်ဆေးစဉ်။



## မိတ္ထီလာမြို့နယ်၌ ဆောင်းမြေပဲနှင့် ဆောင်းနှမ်းကြဲကြေ ၁၃၀၀ ကျော်စိုက်ပျိုးပြီးစီး

စာ - ၁၇ သို့

## နိုင်ငံတကာမှ မသိကျိုးကျွန်ပြုထားသော မြန်မာနိုင်ငံ၏အနောက်တံခါးဝက ARSA အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များ

ဆောင်းပါး စာ - ၁၁ သို့

## ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့်ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်ထား

စာ - ၆ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်)

# နိုင်ငံတော်ကာကွယ်ရေးနှင့်တပ်မတော်(လေ)

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးရေးနှင့်အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် တည်ဆောက်ကြိုးပမ်းရာတွင် ခိုင်မာတောင့်တင်းသည့် ကာကွယ်ရေးစွမ်းအားစုတစ်ရပ်ပိုင်ဆိုင်ထားရမည်ဖြစ်သည်။ ကာကွယ်ရေးမောင်းနှင်အားတောင့်တင်းခိုင်မာနေသမျှ ကာလပတ်လုံး နိုင်ငံတော်နှင့်ပြည်သူတို့စိတ်အေးချမ်းသာစွာရှိနေမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံအတွင်းမှီတင်းနေထိုင်သူအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်။

ယနေ့နိုင်ငံတကာအခြေအနေများကိုလေ့လာကြည့်ပါက ခေတ်မီတိုးတက်သောနည်းပညာများ မြင့်မားလာခြင်းနှင့်အတူ နိုင်ငံတိုင်းသည် ကာကွယ်ရေးစွမ်းအားကိုမြင့်မားသည်ထက်မြင့်မားအောင် တည်ဆောက်လျက်ရှိကြရာ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားကို တောင့်တင်းခိုင်မာအောင်ထာဝစဉ်တည်ဆောက်နေရမည်ဖြစ်သည်။ အစဉ်ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့် ခြိမ်းခြောက်စိန်ခေါ်မှုအမျိုးမျိုးကို အပြည့်အဝရင်ဆိုင်တုံ့ပြန်နိုင်အောင် တပ်မတော်(ကြည်း/ရေ/လေ)ဟူသည့် ကာကွယ်ရေးစွမ်းအားစုကြီးကို ခိုင်မာတောင့်တင်းပြီး စွမ်းရည်မြင့်မားထက်မြက်စွာ တည်ဆောက်ထားရန် အထူးလိုအပ်သည်။ သို့မှသာ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို အာမခံချက်အပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံအတွက် တပ်မတော်(ကြည်း/ရေ/လေ)ဟူသော အင်အားစုကြီးသုံးရပ်သည် မြေပြင်၊ ရေပြင်၊ ဝေဟင်တို့ကို အလုံးစုံကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ တစ်ခုချင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများလည်းရှိသည်။ တပ်မတော်(လေ)ကို မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် တပ်မတော်(လေ)အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ခြင်းဖြင့် တပ်မတော်(လေ)အဖြစ် စတင်ပေါ်ထွန်းရပ်တည်ခဲ့သည်။ တပ်မတော်(လေ)သည် စတင်ဖွဲ့စည်းတည်ထောင်ပြီးချိန်နှင့် မရှေးမနှောင်း၌ပင် ပြည်တွင်းရောင်စုံသောင်းကျန်းသူများ နိုင်ငံအနှံ့ပေါ်ပေါက်လာခဲ့သည်။

တပ်မတော်(လေ)သည် စီမံခန့်ခွဲမှု၊ ဖွဲ့စည်းလေ့ကျင့်မှုနှင့်လက်နက်တပ်ဆင်မှုလုပ်ငန်းစဉ်များစတင်ဆောင်ရွက်နေချိန်မှာပင် ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်အတူ ချေမှုန်းနှိမ်နင်းခဲ့ရသည်။ မျိုးချစ်စိတ်၊ ဖွဲ့သတ္တိနှင့်တီထွင်ကြံဆလိုစိတ်တို့ကို အရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့်လက်နက်ကို အကောင်းဆုံးအသုံးချပြီး ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်(လေ)သည် ယနေ့အချိန်အထိ ပြည်ပကျူးကျော်မှုတွန်းလှန်ချေမှုန်းရေးနှင့် ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းမှုစစ်ဆင်ရေးများတွင် ပါဝင်တိုက်ပွဲဆင်နွှဲခဲ့ရာ တပ်မတော်(လေ) စစ်သည်တော်များ၏ တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် ရဲရဲဝံ့ဝံ့သူရဲကောင်းပီသစွာ တိုက်ပွဲဝင်ခဲ့သောကြောင့် တိုက်ပွဲအဆုံးအဖြတ်အပေါ် များစွာအထောက်အကူပြုနိုင်ခဲ့သည်မှာ နိုင်ငံနှင့်တပ်မတော်အတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

တပ်မတော်(လေ)သည် မြန်မာ့ဝေဟင်ပိုင်နက်တစ်ခုလုံးကို အလုမ်းမီစိုးမိုးနိုင်ရန်ဖြန့်ကြက်ချထားနိုင်ပြီဖြစ်ပြီး စွမ်းဆောင်ရည်ပိုင်းတွင်လည်း သောင်းကျန်းမှုနှိမ်နင်းရေးလေတပ်အဆင့်မှ နည်းဗျူဟာမြောက်လေတပ်တစ်ခုအဖြစ် တိုးတက်တည်ဆောက်နိုင်ခဲ့သည်။ လက်ရှိဆင်နွှဲနေသည့်အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများတွင် ထိထိရောက်ရောက်ဆောင်ရွက်ကာ အထောက်အကူပြုလျက်ရှိသည်။ လေတပ်တစ်ခုစွမ်းရည်မြင့်မားကောင်းမွန်နေရေးသည် ပညာရပ်နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့်စစ်သည်တော်များအားလုံးအပေါ် တည်မှီနေသည်။ ပျံသန်းရေးကဏ္ဍတွင်လေသူရဲများ ကျွမ်းကျင်ထက်မြက်နေရုံဖြင့်မပြီးဘဲ လေယာဉ်သားများ၊ ပျံသန်းမှုအင်ဂျင်နီယာများ၊ လေယာဉ်အမှုထမ်းများအားလုံး မိမိလုပ်ငန်းတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်နေရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အမျိုးမျိုးသောပြည်တွင်းပြည်ပရန်များကို စဉ်ဆက်မပြတ်ကာကွယ်နိုင်ရေးအတွက် တပ်မတော်(လေ)အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသည်။ အမျိုးသားများနည်းတူ အမျိုးသမီးလေသူရဲများကိုလည်း မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ လေကြောင်းဆိုင်ရာပညာရပ်များကိုပိုမိုကျွမ်းကျင်သိရှိနားလည်စေရန်အတွက် လေယာဉ်မောင်းသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအခါ **လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ**ကို အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်၍ သင်တန်းဆင်းလေသူရဲများသည် နိုင်ငံတော်နှင့်တပ်မတော်ကပေးအပ်လာမည့် တာဝန်များကိုထမ်းဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် **တပ်မတော်(လေ)**၏ အခန်းကဏ္ဍသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

**ကျန်းမာရေးဝန်ကြီးဌာန**

**(၅၄)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ**

**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက် မှ ၃၀ ရက်**

**ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)** **အမှတ်(၅)၊ ဇီဝကလမ်း၊ရန်ကုန်မြို့**

# (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၁

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို **ဆေးသုတေသနဆောင်ရွက်မှုများမှသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဆီသို့ – "Better Health through Medical Research"** ဟူသော ဆောင်ပုဒ်ဖြင့် ဇန်နဝါရီလ ၂၆ ရက် မှ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်–၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံတွင် သုတေသနစာတမ်း ၇၁ စောင်နှင့် သုတေသနပိုစတာ ၄၅ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားမည်ဖြစ်သည်။

အဆိုပါညီလာခံသို့ ပြည်တွင်းပြည်ပမှ သုတေသီများ တက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲ၊ Symposium လေးခုနှင့် Scientific Talk နှစ်ခုတို့ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## MWD Education,Knowledge & Sports Channel

၂၂-၁-၂၀၂၆ (ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၃၅ | Grade–8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၇:၂၅ | Grade–8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၇:၂၅ – ၁၈:၃၅ | Grade–8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** – ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** – ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** – ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** – ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E–mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသား အမျိုးအမည်တွင်မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့်လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

**သတင်းအဖွဲ့**

# သဘောထားထုတ်ပြန်ကြေညာချက်

**NDNF ထာဝရငြိမ်းချမ်းရေးကွန်ယက်/ အထက်မြန်မာပြည်**
**သာသနာပြုအဖွဲ့ချုပ်**
**ငြိမ်းချမ်းရေးကရုဏာနှလုံးသား ပရဟိတဖောင်ဒေးရှင်း**
**(ICJ) အရေးသဘောထားထုတ်ပြန်ချက် (၁/ ၂၀၂၆)**
**၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၄) ရက်**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်၊ ဗုဒ္ဓဟူးနေ့**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာအထူးကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ၊ ဂုဏ်သိက္ခာနှင့် မြန်မာနိုင်ငံတော်၏အကျိုးစီးပွား မြန်မာတစ်မျိုးသားလုံးအရေးကိစ္စကို မြန်မာနိုင်ငံ၏အမှန်တရားနှင့် အမှုအမှန်ပေါ်ပေါက်ရေးအတွက် ရင်ဆိုင်ဖြေရှင်းနေကြရပါသည်။

၂။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ဂုဏ်သိက္ခာနှင့်အမျိုးသားအကျိုးစီးပွားတို့ကိုထိပါးစေပြီး နိုင်ငံတကာမှအထင်အမြင်လွဲမှားစေမည့် သတင်းအချက်အလက်အမှားများဖြင့် မဟုတ်မမှန်လုပ်ကြံစွပ်စွဲနေသော ဂမ်ဘီယာနိုင်ငံအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားအရေးကိစ္စအတွက် အမှန်တရားပေါ်ပေါက်ရန် တရားရင်ဆိုင်ဖြေရှင်းလျက်ရှိသော အထူးကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ကျွန်ုပ်တို့အဖွဲ့ကြီးမှ တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

မြန်မာပြည်သူပြည်သားများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

**နာယကချုပ်ဆရာတော်**
**NDNF ထာဝရငြိမ်းချမ်းရေးကွန်ယက်**
**အထက်မြန်မာပြည် သာသနာပြုအဖွဲ့ချုပ်**

# သဘောထားထုတ်ပြန်ကြေညာချက်

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်**
**၂၀၂၆ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်**
**၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ(၁၂)ရက်နေ့မှ(၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်များအား ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်လျက် မိမိတို့မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့်ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးအနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန်နှင့် မတရားစွပ်စွဲမှုများဖြစ်လာစေရန် လုပ်ဆောင်နေကြခြင်းကို နိုင်ငံတကာမှ သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသောအချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့သွားရောက်၍ မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သောကိစ္စရပ်များအတွက် အမှန်တရားကို ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ကြိုဆိုထောက်ခံဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

# သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်**
**သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၂၆)**
**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ ဇန်နဝါရီလ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး International Court of Justice – (ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသော လုပ်ရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဥပဒေ စည်းမျဉ်းများကို လေးစားလိုက်နာလိုသည့်ဆန္ဒကိုလည်း ဖော်ပြနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အသင်းသူ၊ အသင်းသားများအနေဖြင့် နိုင်ငံတော်နှင့်သက်ဆိုင်သော အငြင်းပွားမှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်အခြေခံ၍ ထိရောက်ပြတ်သားစွာရင်ဆိုင်ဖြေရှင်းနေမှုကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် ပကတိဖြစ်စဉ်များကို ပုံဖော်ပေးနိုင်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ထိုဖြစ်စဉ်များအပေါ် သိရှိနားလည်မှုဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရေးအတွက်လည်း အရေးပါသော အခြေခံအချက်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသူ၊ အသင်းသားများအနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ MSME Cluster လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသူ၊**
**အသင်းသားများ**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

ခုတင်နံပါတ်(၇)မှလူနာသည် အိပ်ရာပေါ်တွင် လူးလိမ့်အော်ဟစ်နေသည်။ ဆရာဝန်၏အစမ်းသပ်ကိုပင် မခံနိုင်သလို သူ့ဗိုက်ကို လက်နှစ်ဖက်ဖြင့်ဖိကာ နှိပ်ထားသည်။ ချွေးသီးချွေးပေါက်များ စီးယိုကျနေသည်။

အလုပ်သင်ဆရာဝန်လေးသည် လူနာကို မစမ်းသပ်နိုင်သေးဘဲ အအော်အဟစ် အလူးအလိမ့်ရပ်စေရန် ချော့မော့နေရသည်။ လူနာနှင့်အပြိုင် သူ့နဖူးတွင် ချွေးစက်များ စီရီသီးနေသည်။

သက်သက်သည် လိုအပ်သည်ကိုကူညီနိုင်ရန် အဆင်သင့်ရပ်ကြည့်ရင်း လူနာကိုအကဲခတ်ကာ ရောဂါကိုမှန်းကြည့်နေမိသည်။ မခံမရပ်နိုင်နာကျင်နေပုံကို ထောက်၍ အူအတက်ပေါက်ခြင်းဖြစ်မလား၊ အူပိတ်ခြင်းဖြစ်မလားဟုစဉ်းစားရင်း စုလှိုင်ကိုမေ့သွားသည်။ ကိုကို့ကိုလည်း သတိမရတော့၊ အမာညိုတို့ ဘယ်အချိန်ပြန်သွားသနည်းပင် သတိမထားလိုက်မိတော့ချေ။

■ ■ ■ ■ ■

'ဟောတော့ ကိုယ်ကျိုးနည်းပါပြီ'

မာမီကြီးသည် သူ့ရင်ဘတ်ကိုသူဖိကာ မျက်လုံးကြီးပြူးထွက်လာသည်။

ဆရာမလေးသည် မာမီကြီး၏အဖြစ်ကိုကြည့်ကာ ထိတ်လန့်သလိုဖြစ်ပြီး စိတ်ညစ်သွားသည်။ သူ့အိပ်ရာဘေးရှိတယ်လီဖုန်းမှနေပြီး အိမ်ရှိလူကုန် ဖုန်းပြောသမျှကို ဖြတ်နားထောင်နေသောအကျင့်ကို ဆရာမချော သတိထားမိသည်မှာ ကြာချေပြီ။ သို့ပါသော်လည်း မတားဝံ့၊ မတားသာသဖြင့် ကြည့်နေရလေသည်။ ယနေ့လည်း ဖုန်းလိုင်းက ကလင်ခနဲမြည်သွားသောအခါ ထုံးစံအတိုင်း ဖုန်းကိုကောက်ကိုင်ကာ နားထောင်သည်။ ခါတိုင်း တိတ်တိတ်ဆိတ်ဆိတ်နားထောင်သော်လည်း ဒီတစ်ခါတော့ ဘာများကြားရလေသည် မသိရချေ။ အထိတ်တလန့်ဖြင့် ထအော်လေသည်။

'သဲလ်မာ သဲလ်မာ တကယ်ပဲလား၊ အဲဒါ တကယ်ပဲလား၊ ငါ့ကို လာပြောပါဦး'

မာမီကြီးသည် စကားပြောခွက်ကို ပြန်ချလိုက်ရင်း အော်ဟစ်လိုက်သည်။ ထို့နောက် အခန်းအပြင်သို့ အမောတကော ထွက်သွားသည်။

■ ■ ■ ■ ■

"သက်သက်သည် လိုအပ်သည်ကို ကူညီနိုင်ရန် အဆင်သင့်ရပ်ကြည့်ရင်း လူနာကိုအကဲခတ်ကာ ရောဂါကို မှန်းကြည့်နေမိသည်။ မခံမရပ်နိုင်နာကျင်နေပုံကိုထောက်၍ အူအတက်ပေါက်ခြင်းဖြစ်မလား၊ အူပိတ်ခြင်းဖြစ်မလားဟုစဉ်းစားရင်း စုလှိုင်ကိုမေ့သွားသည်။ ကိုကို့ကိုလည်း သတိမရတော့၊ အမာညိုတို့ ဘယ်အချိန်ပြန်သွားသနည်းပင် သတိမထားလိုက်မိတော့ချေ . . ."

မာမီကြီး၏အော်သံကြားရသောအခါ စုလှိုင်လည်း အခန်းထဲမှ ထွက်လာမိသည်။ တယ်လီဖုန်းခွက်ကိုင်ကာ စားပွဲဘေးတွင်ရပ်နေသော မာမီကမူ ငိုင်တွေတွေလေးဖြစ်နေလေသည်။

'မာမီ ဘာဖြစ်လို့လဲ'

'ကုမ္ပဏီကို ပြည်သူပိုင်သိမ်းလိုက်ပြီတဲ့'

စုလှိုင်သည် သက်ပြင်းလေးရှိုက်လိုက်သည်။ စိတ်မကောင်းသော်လည်း သိပ်ပြီး အထိတ်တလန့်မဖြစ်လှပေ။ တစ်နေ့နေ့ဖြစ်လာမည်ဟု မျှော်လင့်မိပြီးသားဖြစ်လေသည်။ မာမီနှင့်စုလှိုင်သည် မာမီကြီးလောက်တော့ တိုင်းပြည်အခြေအနေကို မျက်ခြည်ပြတ်နေသူများမဟုတ်ပေ။

'ဘယ်သူပြောလဲ မာမီ'

'စုရဲ့ဒက်ဒီပေါ့'

ဒက်ဒီ အိမ်ပြန်မအိပ်သည်မှာ သုံးလေးညရှိပေပြီ။ သူ၏နံပါတ် (၂) မွေးသောသားငယ်သည် ချူချာလှသည်။ မကြာခဏဆေးရုံတင်ရလေသည်။ စုလှိုင်ကိုသာ သမီးဟုမခေါ်ခဲ့သော်လည်း ချူချာလှသော ထိုသားငယ်ကိုတော့ ဒက်ဒီသည် တော်တော်လေးသံယောဇဉ်ကြီးပုံရသည်။ တော်တော်လေးလည်း အလိုလိုက်ပုံရလေသည်။ အစပိုင်းကတော့ စုလှိုင်မခံချင်ဖြစ်ရသည်။ မနာလိုဖြစ်ရလေသည်။

သို့သော် ယခုတော့ စိတ်ကိုလျှော့ကာ မေ့ထားလိုက်လေသည်။ မိဘ၏မေတ္တာကိုလည်း တန်ဖိုးမထားချင်တော့၊ ငမ်းငမ်းတက်ခံယူချင်စိတ်လည်း မရှိတော့ပေ။

'သမီးရဲ့ဒက်ဒီက တော်တော်စိတ်မကောင်းဖြစ်နေပုံရတယ်၊ သုံးလေးရက်လောက် အိမ်ပြန်မလာသေးဘူးတဲ့'

မာမီက လေသံကိုကြိုးစား၍ငြိမ်အောင်ထိန်းကာပြောသည်။ စုလှိုင်က နှုတ်ခမ်းလေးကိုမဲ့လိုက်သည်။

'တစ်သက်လုံး ပြန်မလာနဲ့လို့ ပြောလိုက်ပါလား မာမီ၊ ဒီလိုအချိန်မှာ မိသားစုတစုတဝေးရှိသင့်တာကို သူမသိဘူးလား'

'သူ့မှာ မိသားစုတွေများတယ်လေ'

'နေပါဦး နေပါဦး အဲဒါတွေက ထားပါဦး၊ ကုမ္ပဏီကို ငါတို့လုံးဝမပိုင်ရတော့ဘူးလား'

မာမီကြီးက လက်ကိုဝှေ့ယမ်းကာ အော်သည်။ စုလှိုင်နှင့်မာမီအတွက် ဒက်ဒီက အရေးကြီးသော်လည်း သူ့အတွက်မူ ကုမ္ပဏီနှင့်ရုပ်ရှင်ရုံက ပို၍အရေးကြီးပုံရသည်။

'ပြည်သူပိုင်သိမ်းပါတယ်ဆိုမှ မာမီရယ် ဝင်ပြီးပိုင်ချင်နေသေးလို့လား'

'အမလေးတော် ကိုယ်ကျိုးနည်းပါပြီ၊ အဲဒီရုပ်ရှင်ရုံဝယ်တုန်းက ငါ့စိန်ဆွဲကြိုးကြီးရောင်းပြီးစိုက်ခဲ့ရတာ၊ အောင်မယ်လေး အခုအမြတ်များလာမှ ဆွဲကြိုးပြန်လုပ်ရမလား စဉ်းစားနေတာ၊ ကုန်ပါပြီ ဟီး ကုန်ပါပြီ'

စုလှိုင်သည် ကုလားထိုင်ပေါ်ပစ်၍ထိုင်ချလိုက်ကာ မာမီကြီးကို စိတ်ပျက်လက်ပျက် ကြည့်နေမိလေသည်။ အသက်ခုနစ်ဆယ်ပြည့်ပြီဖြစ်သော်လည်း စိပ်ပုတီးလည်ပင်းဆွဲရန်မစဉ်းစားဘဲ စိန်ဆွဲကြိုးဆွဲချင်နေသေးသော မာမီကြီးသာ ခုနေသေသွားလျှင် သေချာပေါက်ပြိတ္တာဖြစ်လိမ့်မည်ဟု စဉ်းစားနေမိသည်။

'ဘယ်တတ်နိုင်မှာလဲ မာမီရယ် ပစ္စည်းသခၤါရ လူသခၤါရပေါ့'

'ဘာသခၤါရလဲ အမလေးလေ နည်းတဲ့ပစ္စည်းတွေ မဟုတ်ဘူး၊ ညည်းက ဘာလို့မငိုတာလဲ မိသဲလ်မာ ဟင် ရှေ့လျှောက် ဘာနဲ့သွားစားမလဲ'

မာမီကြီးသည် မျက်ရည်တွေကျကာ ရှိုက်လိုက်သည်။ မာမီကြီး၏မျက်ရည်ကို မြင်သောအခါမှ စုလှိုင်သည် ရှေ့ရေးကို စဉ်းစားမိတော့သည်။

'မာမီ ရွှေးပေးထားတဲ့ သမက်ရှိသားပဲ၊ လုပ်ရည်ကိုင်ရည်ရှိတယ်၊ ထက်မြက်တယ်လေ၊ ငွေမရှိရင် သူမနေတတ်ဘူး၊ ရှာလိမ့်မယ်ပေါ့'

မာမီက မျက်ရည်ရစ်ဝဲနေသော်လည်း ခပ်အေးအေးပင်ပြောသည်။ ထို့နောက် အခန်းထောင့်သို့လျှောက်သွားပြီး ရေဒီယိုဂရမ်ကိုဖွင့်လိုက်သည်။ ကြည်လင်အေးမြသောသီချင်းသံလေးသည် ငြိမ့်ခနဲထွက်ပေါ်လာလေသည်။

'အမလေး မောလိုက်တာ မောလိုက်တာ'

မာမီကြီးသည် သူ့ရင်ဘတ် သူဖိကာ ညည်းညူနေသည်။ စုလှိုင်သည် ဖြူတစ်ဝက်၊ နက်တစ်ဝက်ဖြစ်နေသော မာမီကြီး၏ဆံပင်ကျားကျားကို ကြည့်နေသည်။ ခြေထောက်ကို ဆိုင်းချက်ကျကျတွင် လှုပ်ယမ်းနေသော်လည်း သီချင်းသံက စိတ်ထဲသို့မဝင်ချေ။ ရင်ထဲ မောဟိုက်ဟိုက်ကြီးဖြစ်နေသည်။ မတည်မငြိမ်ဖြစ်နေသောစိတ်များက ဟိုဟိုဒီဒီ ပြေးလွှားနေကြလေသည်။

ပထမဆုံး ပြည်သူပိုင်အသိမ်းခံရသော ပစ္စည်းများ၏တန်ဖိုးကို စိတ်တွက်နှင့်တွက်ရင်း နှမြောတသကာ ရင်ထဲတွင် ဟာသွားသည်။ ဒက်ဒီကို သတိရသည်။ ထို့နောက် သူ၏သားငယ် ချူနာသည်လေးအကြောင်း တွေးမိပြန်သည်။ ထိုမှ တစ်ခါ ဖျတ်ခနဲ ဖရက်ဒီကိုအမှတ်ရကာ ကျော်ထွန်းညိုကို မြင်ယောင်မိပြန်သည်။ ကျော်ထွန်းညိုက သူ့ကို ပြောင်းဖူးစေ့လေးများခွဲကာကျွေးသည့်အကြောင်း စဉ်းစားနေရင်း 'မောလိုက်တာ မောလိုက်တာ' ဟုအော်နေသော မာမီကြီး၏စကားသံက သူ့နှလုံးသားကို ဖျစ်ညှစ်နေသလို မွန်းကျပ်လာလေသည်။

■ ■ ■ ■ ■

အမာညိုသည် ပုံဆွဲစားပွဲလေး၏ဘေးနှုတ်ခမ်းများကို မုန့်ဟင်းခါးဖတ်များနှင့်ဖိကာ သုတ်လိုက်သည်။ အဓိပ္ပာယ်မရှိဆော့နေခြင်းတော့ မဟုတ်ပါ။ ပုံဆွဲရန်ပြင်ဆင်နေခြင်းဖြစ်လေသည်။ အဆောက်အအုံပုံစံများကို ရုပ်လုံးကြွလာစေရန် အလင်းအမှောင်အရိပ်ကျသည်များကိုပါ ဆွဲရသောအခါ စုတ်တံနှင့် အထပ်ထပ်အခါခါဆွဲရလေသည်။ ထို့ကြောင့် စက္ကူသား ပွထမလာစေရန်အတွက် ကြိုတင်ပြင်ဆင်မှုပြုရလေသည်။

စားပွဲပြားလေး၏ လေးဖက်လေးတန်ကော်ကပ်ပြီးသောအခါမှ အပေါ်ဘက်တွင် စက္ကူကိုဖြန့်ခင်းကာ ရေဖြင့်လောင်းချလိုက်သည်။ ပုံဆွဲစက္ကူလေးသည် ရေစိုကာ ခုံတွင်ကပ်သွားသောအခါ စက္ကူဘေးသားများကို အဆင်သင့်သုတ်ထားသော ကော်နှင့် ဆွဲ၍ကပ်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖီးကြမ်းငှက်ပျောအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ဖီးကြမ်းငှက်ပျောအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်၌ ငှက်ပျောရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်မြင့်အေး၏ပြောပြချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတစ်လတာကာလအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ ၄၅၀၀၀၀ ကျော်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ ၅၈၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို ဖီးကြမ်းငှက်ပျော တင်ပို့အားကောင်းလာပါတယ်။ ပြည်တွင်းမှာ ငှက်ပျောသီးတွေ ဝယ်လိုအားများနေပါတယ်" ဟု ဒေါ်မြင့်မြင့်အေးကပြောသည်။

အဆိုပါဒေသထွက်ငှက်ပျောသီးများ အရောင်းအဝယ်ပြုလုပ်နေရသည့်အတွက် လုပ်သားများ၊ ကုန်သည်များနှင့် စိုက်ပျိုးသူများ ဝင်ငွေတိုးကာ မိသားစုအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

## နတ်မောက်မြို့နယ်၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

နတ်မောက် ဇန်နဝါရီ ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဇာတ်ဟိုဌာန၌(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီလ ၂၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကိုပြောကြားပြီး ဒုတိယပညာရေးမှူး ဒေါ်သဥ္ဇာခိုင်က ပြိုင်ပွဲ၏ အမှတ်ပေးစည်းမျဉ်းများကို ပြောကြားသည်။



ဆက်လက်၍ ပြိုင်ပွဲများကျင်းပရာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)၊ အခြေခံပညာအလယ်တန်းကျောင်း (တမာပင်)၊ အခြေခံပညာမူလတန်းကျောင်း (ဈေးရပ်) တို့မှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **လှဝင်း**

# ရေနံချက်စက်ရုံ(သန်လျင်) ၌ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ခနိတော)တို့ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

ရေနံချက်စက်ရုံ(သန်လျင်)၌ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ လုပ်ငန်း/ဌာနများမှ တာဝန်ရှိသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံသစ်တည်ဆောက်နေမှု၊ စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများအား သတ်မှတ်အချိန်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် စီးပွားရေးတွက်ခြေကိုက်စေရေးအတွက် ဘေးထွက်ပစ္စည်းများကို ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့ကို နည်းပညာအသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရေနံချက်လုပ်ရာမှ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာမည့် ကာဗွန်ဒိုင်အောက်ဆိုက်များကိုဖမ်းယူ၍ ရေခဲခြောက်များ(Dry Ice) ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်းဖြင့် Dry Ice တင်သွင်းနေရသည့် နိုင်ငံခြားငွေများ သက်သာသွားမည်ဖြစ်ရာ လိုအပ်သည့် စက်ကိရိယာများဖြည့်ဆည်းတပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းပြီးစီးပါက စီမံကိန်းအပိုင်း(၂)ကို တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၃ သန်းချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံအဖြစ် ၂၀၂၈ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်နေကြောင်း။



တစ်ချိန်တည်းမှာပင် တရုတ်-မြန်မာ ရေနံစိမ်းပိုက်လိုင်းမှ ရေနံစိမ်းရယူ၍ ရေနံစိမ်းတန်ချိန် ၂ သန်းချက်လုပ်နိုင်သည့် သံပရာကန်ရေနံချက်စက်ရုံစီမံကိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းစီမံကိန်းများဆောင်ရွက်ပြီးစီးပါက ပြည်တွင်းစက်မောင်းဆီ လိုအပ်ချက်အား ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံသစ်တည်ဆောက်နေမှု၊ စက်ပစ္စည်းများ တပ်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာများကို မှာကြားပြီး စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် နိုင်ငံခြားသားပညာရှင်များအား စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် စွမ်းအင်ပြတိုက်သို့လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ပြတိုက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ခနိတော) ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက စက်မောင်းဆီများကို ကိုယ်တိုင်ထုတ်လုပ်နိုင်မှုမရှိသေးသည့်ကာလအတွင်း ပြည်ပမှ မှာယူတင်သွင်းရာတွင် အရည်အသွေး၊ အရေအတွက် မှန်ကန်မှုရှိစေရန်အတွက် Terminal များ၊ ဆီသယ်ယာဉ်များအား စံနှုန်းတိုင်းရေချိန်စင်များဖြင့် စစ်ဆေးခြင်း၊ သယ်ဆောင်ခွင့်ပြုသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်းတို့ကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ကြရန်၊ ဆီသယ်ယာဉ်များ၏ ဝင်ဆံ့မှုစံနှုန်းအား သတ်မှတ်ပေးရာတွင် နိုင်ငံတကာ သတ်မှတ်စံနှုန်းဖြစ်သည့် လီတာစနစ်သို့ ပြောင်းလဲသတ်မှတ်သွားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပုလောမြို့နှင့်ပလောက်မြို့တို့ရှိ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၃)ကျင်းပမည့် မဲရုံနေရာများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်နှင့် ပလောက်မြို့နယ်တို့ရှိ မဲရုံနေရာများအား ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက်(MEVM)များ ရောက်ရှိမှုအခြေအနေ၊ မဲပေးစက်များထားရှိမည့်နေရာ၊ မဲပုံးများထားရှိမည့်နေရာစသည်ဖြင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကျင်းပမည့် မဲရုံနေရာများအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖွင့်လှစ်သည့် မဲရုံမှူးနှင့်အဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်မွမ်းမံသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ညောင်ရွှေမြို့နယ်၊ မြို့လယ်ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ မြို့လယ်ရပ်ကွက်၊ မြို့မရန်ကုန်ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော် ၁၄ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ ဦးတို့ကို ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အဆိုပါကျောင်းတိုက်ဆရာတော်အား နဝကမ္မအလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂမ်ဘီယာနှင့်မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့်ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်ထား




နေပြည်တော် ဇန်နဝါရီ ၂၁

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပထမအကျော့တင်ပြလျှောက်ထားခြင်းကို ဇန်နဝါရီလ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr.Christopher Staker၊ မြန်မာနိုင်ငံ၏ရှေ့နေ Mr. Sam Bloom – Cooper နှင့် Ms. Leigh Lawrie တို့က တုံ့ပြန်ချေပလျှောက်လဲခဲ့ကြသည်။

ဆက်လက်၍လည်း **မြန်မာနိုင်ငံ၏ ရှေ့နေ** Mr. Stefan Talmon **က မြန်မာနိုင်ငံသည် ဘင်္ဂါလီများဖိနှိပ်ရန်အမုန်းစကားဖြန့်ချိမှုကို အစိုးရ သို့မဟုတ် တပ်မတော်က ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် ဘင်္ဂါလီများကို မျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိကြောင်း ဂမ်ဘီယာ၏ လျှောက်လဲမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊** မြန်မာနိုင်ငံ၏ရှေ့နေ Ms. Alina Miron က အပြစ်ပေးရန်ပျက်ကွက်မှုနှင့် သက်သေအထောက်အထားများဖျက်ဆီးမှုဆိုင်ရာ စွပ်စွဲချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ **မြန်မာနိုင်ငံ၏ရှေ့နေ** Mr. Sam Bloom – Cooper **က သက်သေပြရန်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းစွပ်စွဲချက်နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရှေ့နေ** Ms. Alina Miron **က ဂမ်ဘီယာက မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်မှုမရှိစေရေးနှင့် ကျူးလွန်သူများအား အပြစ်ပေးရန်နှင့် ဥပဒေပြဋ္ဌာန်းရန် ပျက်ကွက်သည်ဟု စွပ်စွဲချက်နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ရှေ့နေ** Mr. Stefan Talmon **က ဂမ်ဘီယာဘက်မှ စွပ်စွဲတောင်းဆိုထားသည့် ဥပဒေရေးရာ နောက်ဆက်တွဲကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း တုံ့ပြန်ချေပလျှောက်လဲခဲ့ကြကြောင်း သတင်းရရှိသည်။ (မြန်မာနိုင်ငံ ရှေ့နေများ၏ တုံ့ပြန်ချေပ လျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)**

မြဝတီ

# မြန်မာနိုင်ငံသည် ဘင်္ဂါလီများဖိနှိပ်ရန် အမုန်းစကားဖြန့်ချိမှုကို အစိုးရ သို့မဟုတ် တပ်မတော်က ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် ဘင်္ဂါလီများကို မျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ရှိကြောင်း ဂမ်ဘီယာ၏လျှောက်လဲမှုကို မြန်မာနိုင်ငံ၏ရှေ့နေ Mr. Stefan Talmon ၏ တုံ့ပြန်ချေပချက်

ဂမ်ဘီယာက မြန်မာတပ်မတော်သားများ၏ ပြောဆိုချက်များသည် လူမျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ရှိကြောင်းပြသသည့်သင်္ကေတဖြစ်ကြောင်းကို တပ်မတော်သားများက အွန်လိုင်းတွင်တင်သည့် ပို့စ် ၇ ခုကို ဖော်ညွှန်း၍ စွပ်စွဲထားကြောင်း၊ ယင်းပို့စ် ၇ ခုကိုအမုန်းစကားဟု သတ်မှတ်၍မရကြောင်း၊ ယင်းပို့စ် ၇ ခုအနက် Reuters သတင်းဌာနမှ ကိုးကားအသုံးပြုထားသည့် စွပ်စွဲချက်များတွင် "စစ်သား" ဟူသည့် အသုံးအနှုန်းပင်ပါဝင်ခြင်းမရှိကြောင်း၊ အခြားပို့စ်တစ်ခုကို သတင်းဌာနတွင် ဖော်ပြထားခြင်းပင်မရှိကြောင်း၊ အခြားပို့စ်တစ်ခုမှာ ဘင်္ဂါလီများ ရဲစခန်းကိုတိုက်ခိုက်သည့်ဖြစ်စဉ်ကို ဖော်ပြသည့် သတင်းဆောင်းပါးဖြစ်ကြောင်း၊ သို့ဖြစ်ရာ တပ်မတော်သားများနှင့်သက်ဆိုင်သည်ဟု ဆို၍မရကြောင်း။

အခြားစွပ်စွဲချက်များအတွက် မြန်မာနိုင်ငံ၏ အချေလွှာကို ကိုးကားသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ပြုလုပ်ရသည့်အကြောင်းရင်းမှာ ဂမ်ဘီယာက တင်သွင်းသည့် စွပ်စွဲချက်များကို အသေးစိတ်လေ့လာရန် လိုအပ်ကြောင်း၊ အချို့သော အချက်များမှာ တစ်ဆင့်ခံရရှိသည့် အချက်အလက်များ၊ အစီရင်ခံစာများနှင့် သတင်းဆောင်းပါးများဖြစ်နေကြောင်း၊ အဆိုပါ အချက်အလက်များမှာ သက်သေတန်ဖိုးမရှိကြောင်း။

ဂမ်ဘီယာ၏ အမုန်းစကားစွပ်စွဲချက်များမှာ လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်နှင့် ဆက်စပ်မှုမရှိဟု မြန်မာက ရှင်းလင်းတင်ပြလိုကြောင်း၊ ဂမ်ဘီယာက ဘင်္ဂါလီများအပေါ် အမုန်းစကားဖြန့်ချိသည်ဟု စွပ်စွဲချက် ၇ ချက်နှင့် တပ်မတော်သားများ၏ ပြောဆိုချက်များကို ကိုးကား၍ ယင်းတို့မှာလူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိသည်ဟု စွပ်စွဲခဲ့ကြောင်း၊ ယင်းအချက်အလက်များကို လေ့လာရာတွင် ပထမအချက်အနေဖြင့် စွပ်စွဲချက်များသည် ရည်ရွယ်ချက်ရှိရှိ စနစ်တကျဆောင်ရွက်ခြင်း (pattern of conduct) ရှိသည်ဟု ဆို၍မရပါကြောင်း၊ ယင်းသို့ စွပ်စွဲနိုင်ရန် အမုန်းစကားဖြန့်ချိမှုကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ပြစ်မှုကျူးလွန်မှုနှင့် ရည်ရွယ်ချက်မှာချိတ်ဆက်နေရမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် တစ်ဦးတစ်ယောက်ကဆောင်ရွက်ခြင်း သို့မဟုတ် အစုအဖွဲ့ဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် ပျက်စီးစေလိုသည့် စိတ်ဆန္ဒရှိရန် လိုအပ်ကြောင်း။

အမုန်းစကားဟုဆိုသည့် ပြောဆိုဖော်ပြချက်များသည် လူမျိုးသုဉ်းစေမည့် ရည်ရွယ်ချက်ကို ထင်ဟပ်စေရန်လိုအပ်ကြောင်း၊ အမုန်းစကားဟုဆိုသည့်တိုင် ဂမ်ဘီယာအနေဖြင့် အဆိုပါအမုန်းစကားသည် လူမျိုးသုဉ်းစေမည့် ရည်ရွယ်ချက်ကို ထင်ဟပ်စေရန် ပြသနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဂမ်ဘီယာ၏ စွပ်စွဲချက်များမှာ မှားယွင်းမှုများရှိနေကြောင်း၊ အမုန်းစကားကို သမားရိုးကျပြုလုပ်လေ့ရှိသည့် အမုန်းစကားနှင့် လူမျိုးရေးခွဲခြားရန် သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပေါ်စေရန်နှင့် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်မှုရှိရန် လိုအပ်ကြောင်း၊ လူမျိုးသုဉ်းစေရန် လှုံ့ဆော်သည်ဆိုပါက ရည်ရွယ်ချက်ရှိသည်ကို ပြသနိုင်ရမည်ဖြစ်ကြောင်း၊ အမုန်းစကားဟုဆိုတိုင်း လူမျိုးသုဉ်းစေရန်ရည်ရွယ်ချက်ရှိသည်ဟု မဆိုနိုင်ကြောင်း။

ဂမ်ဘီယာ ကိုးကားထားသော အမုန်းစကားဟု ဆိုသည်များ၏ အနက်အဓိပ္ပာယ်များ မှန်ကန်မှုမရှိကြောင်း၊ ဂမ်ဘီယာက လိုရာဆွဲပြောမှုများကို မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း၊ ဥပမာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး၏ပြောကြားချက်များကို လိုရာပုံသွင်း၍ အနက်အဓိပ္ပာယ်ဖော်သည်ကို တွေ့ရှိရကြောင်း၊ ဗိုလ်ချုပ်မှူးကြီးက အပြုသဘောနှင့် ပြောကြားချက်များကို ဘင်္ဂါလီများအား လူမျိုးသုဉ်းစေရန်ရည်ရွယ်၍ လှုံ့ဆော်သည့်အသွင် ဖန်တီးထားသည်ကို တွေ့ရကြောင်း။

ပြောဆိုရေးသားချက်များသည် မြန်မာနိုင်ငံ ပတ်သက်မှုရှိရန်လိုအပ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် အမုန်းစကားအချို့သည် လူမျိုးသုဉ်းစေလိုသော ရည်ရွယ်ချက်ရှိကြောင်း ပြသနိုင်သည့်တိုင် မြန်မာနိုင်ငံနှင့် သက်ဆိုင်ခြင်းရှိ/မရှိကို သက်သေပြနိုင်ရမည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏တပ်မတော်က ဆောင်ရွက်ချက်များသည် နိုင်ငံနှင့်ဆိုင်သည်ဟု ဆိုနိုင်သော်လည်း ယခုကိစ္စရပ်တွင် အမုန်းစကားကို တပ်မတော်နှင့်ချိတ်ဆက်၍ မရနိုင်ကြောင်း၊ မြန်မာကလည်းမဟုတ်ကြောင်းကို ငြင်းဆိုထားပြီးဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ပတ်သက်ဆက်နွယ်မှု ရှိ/မရှိကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ကြောင်း၊ အလားတူ ဒေသတစ်ခု၏ နိုင်ငံရေးပါတီ၊ အမျိုးသားရေးအတိုက်ခံအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးများ၏ ပြောဆိုရေးသားချက်များကို ဥပဒေကြောင်းအရ နိုင်ငံနှင့်ချိတ်ဆက်၍မရနိုင်ကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ပြောဆိုရေးသားချက်များသည် နိုင်ငံနှင့်ချိတ်ဆက်နေသည့်တိုင် နိုင်ငံက လူမျိုးသုဉ်းစေလိုသည့် ဆန္ဒမရှိပါက နိုင်ငံတော်ကိုတာဝန်ရှိသည်ဟု ဆို၍မရကြောင်း။

အချုပ်အားဖြင့်ဆိုသော် ဂမ်ဘီယာက စွပ်စွဲသကဲ့သို့ အမုန်းစကားနှင့် မြန်မာကလူမျိုးသုဉ်းစေရန်ရည်ရွယ်ချက်ရှိသည် ဆက်စပ်သည်ဟုမဆိုနိုင်ကြောင်း၊ စနစ်တကျရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည်ဟု ကောက်ချက်ချနိုင်မှသာ လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိသည်ဟုဆိုနိုင်ကြောင်း၊ အမုန်းစကား၊ အမုန်းစကားကို ခွင့်ပြုထားသည့် နိုင်ငံအနေဖြင့် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ရှိသည်ဟု ဆို၍မရကြောင်း။

ဂမ်ဘီယာက စွပ်စွဲသကဲ့သို့ "ရိုဟင်ဂျာများကို ဆန့်ကျင်သည့် အမုန်းစကား" သည် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်နှင့် ချိတ်ဆက်လိုပါက အဆိုပါ အမုန်းစကားများကို ပြောဆိုဖော်ပြသူများသည် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိကြောင်းကို သက်သေပြနိုင်ရမည်ဖြစ်ကြောင်း၊ သို့သော် ဂမ်ဘီယာအနေဖြင့် ယင်းသို့ ပြသနိုင်ခြင်းမရှိကြောင်း။

"ရိုဟင်ဂျာများကို ဆန့်ကျင်သည့် အမုန်းစကား" သည် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်နှင့် ချိတ်ဆက်၍ရသည့်တိုင် မြန်မာနိုင်ငံနှင့် သက်ဆိုင်ခြင်းရှိ/မရှိ သက်သေထူနိုင်ရမည်ဖြစ်သော်လည်း ဂမ်ဘီယာအနေဖြင့် ယင်းသို့ ပြသနိုင်ခြင်းမရှိကြောင်း။

အမုန်းစကား ပြောဆိုဖော်ပြသူများသည် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိပြီး မြန်မာနိုင်ငံနှင့် သက်ဆိုင်မှုရှိနေသည့်တိုင် လူနည်းစုက လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိသည့်အတွက်ကြောင့် နိုင်ငံတော်ကလူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိသည်ဟု မဆိုနိုင်ကြောင်း လျှောက်လဲခဲ့ပါသည်။

# အပြစ်ပေးရန်ပျက်ကွက်မှုနှင့် သက်သေအထောက်အထားများဖျက်ဆီးမှုဆိုင်ရာ စွပ်စွဲချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Alina Miron ၏ ချေပလျှောက်လဲချက်

ဂမ်ဘီယာနိုင်ငံသည် ၎င်း၏ Memorial အခန်း (၁၁) နှင့် Reply အခန်း(၈)တို့တွင် ဖော်ပြခဲ့သော စွပ်စွဲချက်များကို လူမျိုးသုဉ်းသတ်ဖြတ်ရန် ရည်ရွယ်ချက်(gen-cidal intent)နှင့် သဘောတူစာချုပ်ကိုဖောက်ဖျက်မှုအတွက်သီးခြားတာဝန်ယူရမည့် အခြေခံအကြောင်းရင်းများအဖြစ်စွပ်စွဲထားပါကြောင်း၊ ထိရောက်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ပျက်ကွက်ခြင်းနှင့် သက်သေအထောက်အထားများကို ဖုံးကွယ်ခြင်းတို့သည် အမုန်တကယ်ဖြစ်ပွားခဲ့သည်ဟု ယူဆလျှင်ပင် လက်တွေ့တွင် ထိုသို့မဟုတ်ပါကြောင်း။

ယင်းတို့ကိုယ်တိုင်က ပြစ်မှုကျူးလွန်သည့်လုပ်ရပ် (actus reus)၏ အစိတ်အပိုင်းမဟုတ်ဘဲ စာချုပ်အရအကာအကွယ်ပေးရမည့်အုပ်စု(protected group) ကို ဖျက်ဆီးခြင်းနှင့် မည်သို့ဆက်စပ်နေသည်ကို ဂမ်ဘီယာက သက်သေပြနိုင်ခြင်းမရှိပါကြောင်း၊ ထို့အပြင် ယင်းအချက်များသည် အရေးကြီးသော အချိန်အခါများတွင် အမှုသွားအမှုလာအရရှိခဲ့သည် ဆိုသော protected group ကို ဖျက်ဆီးလိုသည့် သီးခြားရည်ရွယ်ချက် (specific intention) ဖြစ်သည်ဟုလည်း

စာမျက်နှာ ၇ သို့ ▼

▼ စာမျက်နှာ ၆ မှအဆက်

ဂမ်ဘီယာနိုင်ငံအနေဖြင့် သက်သေပြနိုင်ခြင်း မရှိပါကြောင်း၊ ဤကဲ့သို့ တည်ဆောက်ထားသော အယူအဆကို ဂမ်ဘီယာက ကိုးကားထားသော စီရင်ထုံးများအပါအဝင် မည်သည့်အပြည်ပြည် ဆိုင်ရာစီရင်ထုံးကမျှ အတည်ပြုမထားပါကြောင်း၊ ဂမ်ဘီယာက အခိုင်အမာဆိုသကဲ့သို့ "လူမျိုးသုဉ်း သတ်ဖြတ်ရန် ရည်ရွယ်ချက်ရှိကြောင်း ငြင်းပယ်မရသော သက်သေ" မဟုတ်သည့်အပြင် အပြစ်ပေးရန်ပျက်ကွက်မှုနှင့် သက်သေအထောက်အထား ဖျက်ဆီးမှုတို့သည် ဤကိစ္စနှင့် သက်ဆိုင်မှုပင်မရှိပါကြောင်း။

တရားရုံးသည် တစ်ဦးတစ်ယောက်ချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုအပေါ် စီရင်ပိုင်ခွင့်မရှိခြင်းနှင့် ဂမ်ဘီယာကိုယ်တိုင်က အဆိုပါလုပ်ရပ်များကို မြန်မာ့တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များက ကျူးလွန်သည်ဟု စွပ်စွဲထားခြင်းတို့ကြောင့် ၎င်းအဆိုပြုသော ချဉ်းကပ်ပုံကို တရားရုံးက မည်သို့လက်ခံနိုင်သည်ကို ဂမ်ဘီယာက သက်သေပြနိုင်ခြင်းမရှိပါကြောင်း၊ ဂမ်ဘီယာသည် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဟု သက်သေပြရန် ၎င်း၏တာဝန်ကို ပျက်ကွက်ခဲ့သောကြောင့် အပြစ်ပေးမှုကင်းလွတ်နေခြင်းနှင့် သက်သေအထောက်အထား ဖျက်ဆီးခြင်းဆိုင်ရာစွပ်စွဲချက်များကို စစ်ဆေးရန်ပင်မလိုတော့ပါကြောင်း၊ နှစ်ဖက်အမှုသည်များအနေဖြင့် သဘောတူစာချုပ်အရ အပြစ်ပေးရန် တာဝန်ရှိမှု၏ အတိုင်းအတာနှင့်ပတ်သက်၍ အမြင်ချင်းမတူကြပါကြောင်း၊ တားဆီးရန် တာဝန်ကဲ့သို့ပင် အပြစ်ပေးရန် တာဝန်သည် လုပ်ဆောင်ရမည့်တာဝန် (obligation of conduct)သာဖြစ်ပြီး ဂမ်ဘီယာက ဖော်ပြသကဲ့သို့ ရလဒ်ထွက်ရမည့်တာဝန် (obligation of result) မဟုတ်ပါကြောင်း၊ သဘောတူစာချုပ်တွင် ပါဝင်သည့်အဖွဲ့ဝင်နိုင်ငံများသည် လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် တာဝန်ရှိသူများကို အပြစ်ပေးရန်အတွက် ၎င်းတို့လက်ဝယ်ရှိသင့်လျော်သော နည်းလမ်းအားလုံးကို အသုံးပြုရန်တာဝန်ရှိပါကြောင်း၊ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံသည် ဤရည်ရွယ်ချက်အတွက် ၎င်းတွင်ရှိသော အစီအမံများကို အကောင်အထည်ဖော်ရန် သိသာထင်ရှားစွာ ပျက်ကွက်မှသာ တာဝန်ရှိမည်ဖြစ်ပါကြောင်း။

ထို့အပြင် အပြစ်ပေးရန် တာဝန်နှင့် စွပ်စွဲခံရသော လုပ်ရပ်များသည် သဘောတူစာချုပ်၏ အတိုင်းအတာအတွင်း ကျရောက်မှသာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအပေါ် ကျင့်သုံးနိုင်မည်ဖြစ်ပါကြောင်း၊ ဤသည်မှာသဘောတူစာချုပ်၏ အကြောင်းအရာဆိုင်ရာ အတိုင်းအတာ (ratione materiae) နှင့် ဆက်စပ်နေသော လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ သို့သော် ဂမ်ဘီယာသည် မြန်မာနိုင်ငံအား ယေဘုယျအားဖြင့် "ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ပြစ်မှုများ/ရက်စက်ကြမ်းကြုတ်မှုများ" ကို အပြစ်ပေးရန် ပျက်ကွက်သည်ဟူ၍လည်းကောင်း၊ သို့မဟုတ် အထူးသဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများအတွင်း ကျူးလွန်ခဲ့သော "စစ်ရာဇဝတ်မှုများ" ကိုအပြစ်ပေးရန် ပျက်ကွက်သည်ဟူ၍လည်းကောင်း စွပ်စွဲလေ့ရှိပါကြောင်း၊ သို့သော် သဘောတူစာချုပ်အရ အပြစ်ပေးရန်တာဝန်သည် သဘောတူစာချုပ် အပိုဒ် ၃ တွင် ဖော်ပြထားသော လုပ်ရပ်များနှင့်သာ သက်ဆိုင်သည်ဆိုသည်မှာ ရှင်းလင်းပါကြောင်း၊ အချို့သော ပြစ်မှုများသည် အပြစ်ပေးခြင်းမခံရဘဲ ကျန်ရစ်ခြင်း သို့မဟုတ် ဖုံးကွယ်ခံရခြင်းသည် ယင်းတို့မှာ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်သည်ဟု မဆိုလိုပါကြောင်း။

ဂမ်ဘီယာသည် ၎င်း၏ သက်သေပြရန် တာဝန်ကို မြန်မာနိုင်ငံအပေါ် လွှဲပြောင်းခြင်းဖြင့် မိမိကိုယ်ကို ကင်းလွတ်အောင်မလုပ်နိုင်ပါ။ ထို့ကြောင့် ဂမ်ဘီယာသည် သက်ဆိုင်ရာ သက်သေအထောက်အထားစံနှုန်းများနှင့် ကိုက်ညီရန်ပျက်ကွက်ခဲ့ပါကြောင်း၊ ဂမ်ဘီယာက ကိုးကားထားသော သက်သေအထောက်အထားများသည် "လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာလုပ်ရပ်များ ကျူးလွန်ကြောင်း ခိုင်လုံသော သက်သေများ" ဖြစ်ရန် အလှမ်းဝေးလှပါကြောင်း။

ဤအမှုတွင် တရားစွဲဆိုမှုမရှိခြင်းသည် တရားစွဲဆိုရန်တာဝန်ကို သိသိသာသာဖောက်ဖျက်ခြင်းဖြစ်သည်ဟု ဂမ်ဘီယာက သက်သေပြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက တရားစွဲဆိုသင့်သည့် လူပုဂ္ဂိုလ်များမှာ လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဟု "သံသယရှိရန် ခိုင်လုံသော အကြောင်းပြချက်များ" ရှိကြောင်း ပြသရန်ဆိုလိုပါကြောင်း၊ ထိုကဲ့သို့သော သက်သေအထောက်အထားများမရှိခြင်းနှင့် အပြစ်ပေးရန် တာဝန်သည် လုံ့လစိုက်ထုတ်ရမည့် တာဝန်(duty of diligence) ဖြစ်သည်ကို ထောက်ရှုပါက ဂမ်ဘီယာအနေဖြင့် တရားစွဲဆိုရန် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ရန် ပျက်ကွက်ခြင်းသည် အလိုအလျောက် (ipso facto) အပြစ်ပေးရန် တာဝန်ကိုဖောက်ဖျက်ခြင်းဖြစ်သည်ဟု မဆိုနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးများအတွင်း ကျူးလွန်ခဲ့သောလုပ်ရပ်များအတွက်၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ဝင်အချို့ကို တရားစွဲဆိုခဲ့ပြီး အချို့မှာ ထောင်ဒဏ်များချမှတ်ခံခဲ့ရပါကြောင်း၊ ထို့ပြင် ဂမ်ဘီယာသည် ဤအရေးယူမှုများကို အရေးမပါသကဲ့သို့ ပြောဆိုနေသော်လည်း ယင်းတို့ကို အသိအမှတ်ပြုထားပါကြောင်း။

ဂမ်ဘီယာသည် "လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ကြောင်း သက်သေပြမည့် အထောက်အထားများ"ကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် "ရိုဟင်ဂျာကျေးရွာများ" ကို မီးရှို့ခြင်း သို့မဟုတ် ဘူဒိုဇာများဖြင့် ဖျက်ဆီးခြင်းတို့ကို အဓိကထားရည်ညွှန်း၍ စွပ်စွဲထားပါကြောင်း၊ ပထမဦးစွာ ဤပြစ်ရပ်မှန်များသည် အမှန်တကယ်ဖြစ်ပွားခဲ့သည်ဟု ယူဆလျှင်ပင် (quod non-မဟုတ်ပါ) မည်သည့်အတွက်ကြောင့် လူမျိုးသုဉ်းသတ်ဖြတ်မှု၏ သက်သေဖြစ်နိုင်သည်ဆိုသည်ကို သိရှိလိုပါကြောင်း၊ ယင်းတို့ကိုယ်တိုင်က ပြစ်မှုကျူးလွန်သည့်လုပ်ရပ် (actus reus) သို့မဟုတ် သီးခြားရည်ရွယ်ချက် (dolus specialis) မဟုတ်ပါ။ ဒုတိယအချက်မှာ၊ ဂမ်ဘီယာသည် ၂၀၁၆-၂၀၁၇ ခုနှစ်အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးအတွင်း ဖြစ်ရပ်များနှင့် နောက်ပိုင်းဖြစ်ရပ်များကို ရောထွေးနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စစ်ဆင်ရေးများအတွင်း နေအိမ်အချို့ဖျက်ဆီးခံရမှုကို လက်ခံသော်လည်း အခြားသော ဖျက်ဆီးမှုများကို ARSA က ကျူးလွန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ဂမ်ဘီယာ၏စွပ်စွဲချက်နှင့် ကွဲလွဲနေသည့် အချက်မှာ ဖျက်ဆီးမှုများသည်နေရာအနှံ့အပြားတွင် ဖြစ်ပွားခဲ့ခြင်းမရှိသည့်အချက်ဖြစ်ပါကြောင်း၊ ဂမ်ဘီယာသည် ပထဝီဝင်အနေအထားအရ ယေဘုယျခြုံငုံစွပ်စွဲပြောဆိုနေသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီမွတ်ဆလင်ကျေးရွာ ရာပေါင်းများစွာမှာ ၎င်းစွပ်စွဲ နေသကဲ့သို့ ထိခိုက်မှုမရှိခဲ့သည်ကို ထောက်ပြလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အချက်အလက်ရှာဖွေရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရန် ငြင်းဆိုရခြင်းမှာ ယင်းအဖွဲ့၏ ဘက်မလိုက်မှုအပေါ် သံသယရှိခြင်းကြောင့်ဖြစ်သည်ဟု ရှင်းပြခဲ့ပါကြောင်း၊ အချက်အလက်ရှာဖွေရေးအဖွဲ့ နောက်ပိုင်းထူထောင်ခဲ့သော စုံစမ်းစစ်ဆေးရေး ယန္တရားမှာလည်း ထိုနည်းအတိုင်းပင်ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ အစီရင်ခံစာများအပေါ်များစွာ မှီခိုနေရသော ဂမ်ဘီယာအနေဖြင့် ယင်းအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ အခြေခံထားသည့် စုံစမ်းစစ်ဆေးရေးနည်းလမ်းများအပေါ် မြန်မာနိုင်ငံ၏ စိုးရိမ်ပူပန်မှုများကို အလေးမထားခြင်းမှာအံ့သြဖွယ်မရှိပါကြောင်း၊ သို့သော် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့နှင့် ယင်းတို့၏ ကောက်ချက်များကို စိန်ခေါ်ပိုင်ခွင့်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းသည် သီးခြားရည်ရွယ်ချက် (dolus specialis) သို့မဟုတ် အပြစ်ပေးရန် တာဝန်ကို ဖောက်ဖျက်ခြင်း၏ "သက်သေ" မဟုတ်သည်ကို အလေးအနက် ပြောကြားလိုပါကြောင်းတင်ပြခဲ့ပါသည်။

# သက်သေပြရန်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း စွပ်စွဲချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ရှေ့နေ Mr. Sam Bloom – Cooper ၏ ချေပလျှောက်လဲချက်

ဂမ်ဘီယာအနေဖြင့် သက်သေပြရန်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသည့် ကျူးလွန်မှု (actusreus)ရှိကြောင်းနှင့်စပ်လျဉ်း၍ သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ထို့ပြင် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်ရန် အတွက် အကာအကွယ်ပေးရမည့် အုပ်စုကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ဖျက်ဆီးလိုသည့် သီးခြားရည်ရွယ်ချက် (dolus specialis) ဖြင့် ကျူးလွန်ခဲ့ခြင်းရှိကြောင်း သက်သေပြရမည်ဖြစ်သော်လည်း သက်သေပြနိုင်ခြင်းမရှိကြောင်း။

ဂမ်ဘီယာ၏ သက်သေပြချက်များသည် တိကျရေရာမှုမရှိသော FFM အချက်အလက်များကိုသာ အခြေခံထားကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာက တင်ပြသော အထောက်အထားများအပေါ် ခိုင်မာသောသက်သေများအဖြစ်မှတ်ယူ၍မရကြောင်း၊ ဂမ်ဘီယာ၏ဖော်ပြချက်များသည် အမည်မသိသူများ၏ တစ်ဆင့်ကြားစကားများကိုသာ စုစည်း၍ ပြုစုထားသော FFM အစီရင်ခံစာနှင့် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်း၌ နေသောသူများအား Interview ထားသည့် မှတ်စုများကိုသာ အခြေခံ၍ဖော်ပြထားပါကြောင်း။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကာလတွင်း ARSA ၏ အကြမ်းဖက်လှုပ်ရှားမှုနှင့် အကြမ်းဖက်မှုများရှိခဲ့သော်လည်း မျက်ကွယ်ပြုခဲ့ကြောင်း၊ အကာအကွယ်ပေးရမည့် အုပ်စုများကိုသတ်ဖြတ်ခြင်းနှင့်စပ်လျဉ်း၍ Genocide Convention Article II(a) တွင် ဖော်ပြထားသော သတ်ဖြတ်ခြင်းသည် ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်မှုရှိရမည်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်ရမည်ဟုဆိုသော်လည်း၊ စစ်ရေးတိုက်ခိုက်မှုများကို အင်အားသုံး၍ ပြန်လည်ခုခံရာမှ ဖြစ်ပေါ်လာသော အရပ်သားသေဆုံးမှုများသည် Article II(a) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်ခြင်းမရှိကြောင်းကို Croatia အမှုတွင် ဆုံးဖြတ်ထားပါကြောင်း။

ယခုအမှုတွင် ဂမ်ဘီယာက လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်သည်ဟုစွပ်စွဲထားသော်လည်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်လုပ်ရပ်များရှိခဲ့သည်ဟု ဂမ်ဘီယာက စွပ်စွဲသော်လည်း အရေအတွက် မည်မျှသေဆုံးသည်ကို ခွဲခြား၍မပြောနိုင်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လစစ်ဆင်ရေးကာလအတွင်း လူပေါင်း ၁၀၀၀၀ ကျော်ခန့် သေဆုံးခဲ့သည်ဟုသာ FFM အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်းသာ ယေဘုယျအားဖြင့် ပြောနိုင်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် သေဆုံးခဲ့သော ဖြစ်စဉ်နှင့်စပ်လျဉ်း၍လည်း အတိအကျမပြောနိုင်ကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာကတင်ပြသည့် အထောက်အထားများသည် Genocide Convention Article II(a) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်မှုမရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ်လမတိုင်မီ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူဦးရေသည် ၁ ဒသမ ၄ သန်း ရှိသော်လည်း Article II(a) အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ရန်ရှိရမည့် သီးခြားအသတ်ခံရသည့်သူများ၏ မြောက်မြားစွာသောအရေအတွက်ကို သီးခြားဖော်ပြနိုင်ခြင်းမရှိကြောင်း၊ အကာအကွယ်ပေးရမည့် အုပ်စုအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖျက်ဆီးခြင်းပြုခဲ့သည့် အရေအတွက်အား ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ အကာအကွယ်ပေးရမည့် အုပ်စုအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်းနှင့်စပ်လျဉ်း၍ လက်နက်ကိုင်ပဋိပက္ခအတွင်းဖြစ်ပွားသော ထိခိုက်သေဆုံးမှုများသည် Article II(b) တွင်ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ARSA အကြမ်းဖက်မှုအပေါ် တုံ့ပြန်သည့် စစ်ဆင်ရေးအတွင်း သေဆုံးမှုများသည်လည်း ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်ခြင်းမရှိသဖြင့် ဂမ်ဘီယာ၏စွပ်စွဲချက်သည် မှန်ကန်မှုမရှိပါကြောင်း။

ဂမ်ဘီယာ၏ သက်သေအထောက်အထားများသည် Article II(b) ပါ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခဲ့ကြောင်း သက်သေပြရမည်ဖြစ်သော်လည်း သက်သေပြနိုင်ခြင်းမရှိကြောင်း၊ Genocide Convention ပါ အကာအကွယ်ပေးရမည့်အုပ်စု၏အသက်ရှင်ရပ်တည်နိုင်မှုအခြေအနေကို ဖျက်ဆီးခြင်းနှင့်စပ်လျဉ်း၍ ဂမ်ဘီယာအနေဖြင့် အကာအကွယ်ပေးရမည့်အုပ်စုများအတွက် အစားအစာ၊ ဆေးဝါးနှင့် အဝတ်အထည်များရရှိရန်ကန့်သတ်ထားကြောင်းနှင့် လွတ်လပ်စွာသွားလာမှုအပေါ် ကန့်သတ်ချက်များဆောင်ရွက်ခဲ့ကြောင်းကို FFM အစီရင်ခံစာအပေါ် အခြေခံ၍စွပ်စွဲပြောဆိုခဲ့သော်လည်း မှန်ကန်မှုမရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ARSA တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း အစားအစာ၊ ဆေးဝါးများကို ဆက်လက်၍ ထောက်ပံ့ပေးခဲ့ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဘင်္ဂါလီအချို့ ဘင်္ဂလားဒေ့ရှ်သို့ ရွှေ့ပြောင်းသွားခြင်းသည် အုပ်စုတစ်စုလုံးကိုဖြစ်စေ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၏ရလဒ်ဖြစ်ကြောင်းကို သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဘင်္ဂါလီလူမျိုးများအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ဖျက်ဆီးရာတွင် မည်သည့်အတိုင်းအတာအထိ ဖျက်ဆီးခဲ့သည်ကို ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ထင်ရှားသောသက်သေများက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဘင်္ဂါလီများဆက်လက်ရှင်သန်နေထိုင်လျက်ရှိကြောင်းကို ဂမ်ဘီယာက တင်ပြသောသက်သေများ၏ ၉၃ ရာခိုင်နှုန်းခန့်သည် လက်ထပ်ထားသောသူများဖြစ်ပြီး ၉၁ ရာခိုင်နှုန်းခန့်သည် ကလေးအမြောက်အမြားမွေးဖွားနိုင်သည့် မိဘများဖြစ်နေသည်မှာ သိသာထင်ရှားစွာညွှန်ပြနေကြောင်း။

စာမျက်နှာ ၈ သို့ ➤

➤ စာမျက်နှာ ၇ မှအဆက်

ဂမ်ဘီယာအနေဖြင့် IDP စခန်းများအတွင်း ဘင်္ဂါလီများအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာခြိမ်းခြောက်မှုရှိကြောင်း၊ သွားလာမှုကန့်သတ်ချက်ရှိကြောင်း၊ အသက်ရှင်နေထိုင်ရေးအတွက် ရေ၊ အစားအစာရရှိနိုင်ရေးကို ကန့်သတ်ခံရသည်ဟုစွပ်စွဲထားသော်လည်း အဆိုပါစွပ်စွဲချက်အပေါ် သက်သေပြနိုင်ခြင်းမရှိကြောင်း၊ အကာအကွယ်ပေးရမည့်အုပ်စုများအပေါ် ရက်စက်သည့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အဓမ္မပြုကျင့်မှုများသည် အကာအကွယ်ပေးရမည့်အုပ်စုများ၏ကလေးမွေးဖွားမှုများကိုတားဆီးရန် ရည်ရွယ်သည့်လုပ်ရပ်များဖြစ်သည်ဟု ဂမ်ဘီယာက စွပ်စွဲထားကြောင်း၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အဓမ္မပြုကျင့်မှုများသည် အကာအကွယ်ပေးရမည့်အုပ်စုများ၏ မျိုးဆက်ပြန့်ပွားမှုများ ထိခိုက်စေနိုင်သည့် အနေအထားမျိုးဖြစ်ရမည်ဖြစ်ကြောင်းတို့ကို သက်သေအခိုင်အမာတင်ပြရမည်ဖြစ်သော်လည်း ဂမ်ဘီယာအနေဖြင့် တင်ပြနိုင်ခြင်းမရှိဘဲ အခြေအမြစ်မရှိသောပြောဆိုချက်ကိုသာ ပြောဆိုခဲ့ကြောင်း။

ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုအား ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခြင်းဖြစ်ကြောင်းကို သက်သေပြနိုင်ခြင်းမရှိပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် နိုင်ငံ၏စီမံချက်၊ မူဝါဒနှင့်ညွှန်ကြားချက်များသည် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခြင်းဖြစ်သည်ဟု သက်သေပြရမည်ဖြစ်သော်လည်း သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ရည်ရွယ်ချက်ရှိရှိ စနစ်တကျကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု သက်သေပြရမည်ဖြစ်သော်လည်း အဆိုပါစနစ်တကျကျူးလွန်ခဲ့သည့် အခြေအနေရှိခဲ့သည်ကို သက်သေပြနိုင်ခြင်းမရှိကြောင်း၊ ARSA အဖွဲ့၏အကြမ်းဖက်မှုအပေါ်တုံ့ပြန်သည့် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကို ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကာလအတွင်း ARSA အကြမ်းဖက်များမှ တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်လာသဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် အကာအကွယ်ပေးရမည့်အုပ်စုများအပေါ် ရည်ရွယ်ချက်ရှိရှိ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာဖျက်ဆီးခြင်းမရှိကြောင်း။

ARSA ၏အကြမ်းဖက်မှုအပေါ် ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်နှင့်စပ်လျဉ်း၍ ARSA အဖွဲ့သည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကာလအတွင်း မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်ရှိ နယ်မြေ ၅၀ အား စနစ်တကျစုစည်းမှုဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့ပါကြောင်း၊ အဆိုပါ ARSA အဖွဲ့တွင် ထောင်ပေါင်းများစွာသော အကြမ်းဖက်အဖွဲ့ဝင်များပါဝင်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ARSA ၏ တိုက်ခိုက်မှုများကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ရသည်မှာ သက်သေထင်ရှားပါကြောင်း။

အကြမ်းဖက်မှုစစ်ဆင်ရေးသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းမဟုတ်ကြောင်း၊ ၂၀၁၆ ခုနှစ်ကာလတွင် ARSA မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်တိုက်ခိုက်လာသဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များတိုက်ခိုက်ရာတွင် လက်လုပ်မိုင်းများနှင့် လက်နက်များဖြင့် တိုက်ခိုက်ခဲ့သော်လည်း အဆိုပါတိုက်ခိုက်မှုများအပြီး မြန်မာတပ်မတော်အနေဖြင့် သိသာထင်ရှားသည့် တပ်ဖြန့်ချထားမှုမရှိကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်အဖွဲ့ကို တုံ့ပြန်တိုက်ခိုက်ရာတွင် ယခင်တိုက်ခိုက်မှုများထက်ပိုပြီး ပြင်းထန်မှုမရှိကြောင်း၊ ထိုသို့အကြမ်းဖက်မှုစစ်ဆင်ရေးကို စတင်ရခြင်းအကြောင်းရင်းသည်လည်း ARSA တိုက်ခိုက်မှုအပေါ် ပြန်လည်တုံ့ပြန်ရန်ဖြစ်ကြောင်း။

ထိုသို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးကိုဆောင်ရွက်ခဲ့သော်လည်း ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်သည်ဟုသာပြောဆိုသော်လည်း မည်ကဲ့သို့ သို့မဟုတ် မည်သည့်အတွက်ကြောင့် ကျူးလွန်ကြောင်းကို ရှင်းပြနိုင်ခြင်းမရှိကြောင်း၊ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးမတိုင်မီ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာက ၂၀၁၆ ခုနှစ်တိုက်ခိုက်မှုများနောက်ပိုင်းတွင် လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်အဖြစ် ဘင်္ဂါလီများနေထိုင်သော အိမ်များရှေ့ရှိ အကာအရံများအား ဖယ်ရှားရန်၊ ဓားနှင့်လက်နက်များအား သိမ်းဆည်းရန်၊ ဘင်္ဂါလီများနှင့် ဘင်္ဂါလီမဟုတ်သောသူများ နေထိုင်သည့်ဒေသများတွင် ညမထွက်ရအမိန့်ကိုထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲထားသော်လည်း အဆိုပါအမိန့်များသည် ဘင်္ဂါလီများကိုသာ သီးခြားထုတ်ပြန်ထားသည့်အမိန့်ဖြစ်သည်ဟု ဂမ်ဘီယာအနေဖြင့် တိတိကျကျဖော်ပြနိုင်ခြင်းမရှိကြောင်း၊ မြန်မာအနေဖြင့် ဘင်္ဂါလီလူမျိုးများအပေါ် လူဦးရေနည်းပါးစေရန် နည်းလမ်းတစ်ခုဖြစ်သော အစာအာဟာရဖြတ်တောက်ခြင်းနည်းလမ်းကို အသုံးပြုခဲ့သည်ဆိုသော ဂမ်ဘီယာ၏စွပ်စွဲချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဘင်္ဂါလီများအတွက် အစားအစာနှင့်ရိက္ခာများ ထောက်ပံ့ပေးခဲ့သည့် သက်သေအထောက်အထားများရှိသဖြင့် ဂမ်ဘီယာစွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း။

ထို့ကြောင့် ဂမ်ဘီယာစွပ်စွဲသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ရန် စနစ်တကျဆောင်ရွက်ခဲ့သည်ဆိုသောစွပ်စွဲချက်သည် မှန်ကန်မှုမရှိဘဲ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြန်လည်တုံ့ပြန်သည့် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့သည်မှာထင်ရှားကြောင်း၊ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေး၏ ပထဝီဝင်အနေအထားနှင့်စပ်လျဉ်း၍ ARSA လှုပ်ရှားသောနေရာများနှင့် စစ်ဆင်ရေးပြုလုပ်သည့်နေရာများမှာ တူညီမှုရှိခဲ့ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသောနေရာ ၄၆ ခုနှင့်စပ်လျဉ်း၍ အဆိုပါနေရာများတွင် ARSA ၏ အကြမ်းဖက်လှုပ်ရှားမှုများရှိခဲ့ကြောင်း။

ARSA လှုပ်ရှားမှုမရှိသောနေရာများတွင်အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးမရှိခဲ့ပါကြောင်း၊ နေရာ ၄၆ ခုတွင် ဂမ်ဘီယာစွပ်စွဲထားသည့် အကြမ်းဖက်မှုနှင့် အသက်ဆုံးရှုံးမှုသည် မရှိသလောက်နည်းပါးပါကြောင်း၊ အဆိုပါအချက်အပေါ် ဂမ်ဘီယာအနေဖြင့် ချေဖျက်နိုင်ခြင်းမရှိကြောင်း၊ စွပ်စွဲထားသော ပြစ်မှု၏အတိုင်းအတာအရေအတွက်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာက အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကာလအတွင်း လူပေါင်းများစွာသတ်ဖြတ်ခဲ့သည်ဟု ဂမ်ဘီယာ၏ စွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း။

FFM အစီရင်ခံစာတွင် ၂၀၁၇ ခုနှစ်ဩဂုတ်လအတွင်း တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကြောင့် လူပေါင်း ၁၀၀၀၀ ကျော်သေဆုံးခဲ့ကြောင်း သုံးသပ်ဖော်ပြထားသည်ဟု ဂမ်ဘီယာကစွပ်စွဲထားသော်လည်း အဆိုပါစွပ်စွဲချက်နှင့်ဆန့်ကျင်၍ မြန်မာနိုင်ငံ၏မှတ်တမ်းများအရ လူပေါင်း ၅၂၀ သေဆုံးကြောင်း၊ အဆိုပါသေဆုံးမှုတွင် ၃၇၆ ယောက်သည် ARSA အကြမ်းဖက်များဖြစ်ပြီး ၁၃၁ ယောက်သည် ဟိန္ဒူ၊ ဘင်္ဂါလီနှင့် ဒေသခံတိုင်းရင်းသားများနှင့် ၁၃ ယောက်မှာ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သည်ကို FFM က ဖော်ပြရန်ပျက်ကွက်ခဲ့ကြောင်း၊ ဘင်္ဂါလီများသည် ၁ ဒသမ ၄ သန်းရှိကြောင်း၊ ဘင်္ဂါလီ ၁ ဒသမ ၄ သန်းရှိသော်လည်း ဂမ်ဘီယာစွပ်စွဲသကဲ့သို့ လူ ၁၀၀၀၀ သေဆုံးမည်ဆိုပါက Croatia အမှုနှင့်နှိုင်းယှဉ်လျှင် သုည ဒသမ ၇ ရာခိုင်နှုန်းသာရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူမျိုးသုဉ်းသတ်ဖြတ်ခဲ့သည်ဆိုသည့် ဂမ်ဘီယာ၏စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း။

အကာအကွယ်ပေးရမည့်အုပ်စုအား ဖျက်ဆီးရန် အခြားသောအခွင့်အရေးရှိသည်ဟုဆိုသော စွပ်စွဲချက်နှင့်စပ်လျဉ်း၍လည်း မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဘင်္ဂါလီများအပေါ်ကျူးလွန်ခြင်းမရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် စစ်ဆင်ရေးကြောင့် IDP စခန်းများတွင် ဘင်္ဂါလီမွတ်ဆလင် ၁၂၆၀၀၀ ခန့်ရှိသည်ဟုဖော်ပြထားသော်လည်း အဆိုပါလူအုပ်စုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းလာသူများဖြစ်ကြောင်းကို သက်သေပြနိုင်ခြင်းမရှိကြောင်း၊ သက်သေအထောက်အထားများအရ မြောက်မြားစွာသော ဘင်္ဂါလီရွာသားများသည် ၎င်းတို့နေထိုင်ရာရွာများမှထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့ ထွက်ခွာသွားသောသူများအား မြန်မာ့တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုတစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိကြောင်း။

မြောက်မြားစွာသော IIMM သက်သေများက ထိုသို့ ထွက်ခွာသွားသူများအား မြန်မာ့တပ်မတော်မှ ထွက်ခွာခြင်းမပြုဘဲ တည်ငြိမ်အေးချမ်းသည့် အခြားသောနေရာများတွင်နေထိုင်ရန် တိုက်တွန်းပြောကြားခဲ့သော်လည်း ဘင်္ဂါလီများက ဂရုမစိုက်ဘဲ ထွက်ခွာခဲ့ကြောင်း၊ ဂမ်ဘီယာကစွပ်စွဲထားသကဲ့သို့ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုသည် မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးအတွင်း ဖြစ်ပွားခဲ့ခြင်းမရှိသကဲ့သို့ အမိန့်ပေးစေခိုင်းခြင်းလည်းမရှိပါကြောင်း၊ မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးအတွင်း ဘင်္ဂါလီလူမျိုးများအား ဖမ်းဆီးထိန်းသိမ်းခြင်းရှိခဲ့ကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၆ ခုနှစ် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကာလအတွင်း ARSA အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်သောသူများအား ဖမ်းဆီးထိန်းသိမ်း၍ တရားစွဲဆိုခဲ့ခြင်းများရှိခဲ့သော်လည်း ဘင်္ဂါလီလူမျိုးများအား ရည်ရွယ်ချက်ရှိရှိ ဖမ်းဆီးထိန်းသိမ်းခြင်းမဟုတ်ဘဲ ARSA အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်သောသူများဖြစ်သဖြင့် ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း။

ဂမ်ဘီယာမှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီခေါင်းဆောင်များကို စနစ်တကျပစ်မှတ်ထားခဲ့ပြီး ဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းရှိခဲ့သည်ဟု စွပ်စွဲထားသော်လည်း မြန်မာ့တပ်မတော်အနေဖြင့် ထိုသို့ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ အဆိုပါ ဘင်္ဂါလီခေါင်းဆောင်များသည် ARSA အဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ရန် ကျေးရွာများအတွင်း စည်းရုံးလှုံ့ဆော်မှုများကြောင့် ရံဖန်ရံခါဖမ်းဆီးခံရလေ့ရှိသည်ဟူသော အချက်ကို ဂမ်ဘီယာကဖော်ပြခဲ့ခြင်းမရှိပါကြောင်း၊ ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာ အဆောက်အဦများကို တိုက်ခိုက်ခဲ့ခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့သည်ဟု ဂမ်ဘီယာ၏ စွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း။

မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကာလအတွင်း ကျေးရွာများကို စနစ်တကျမီးရှို့ဖျက်ဆီးခဲ့သည်ဟု ဂမ်ဘီယာ၏စွပ်စွဲချက်သည် မှန်ကန်မှုမရှိပါကြောင်း၊ အဆိုပါ မီးလောင်မှုများသည် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ARSA အဖွဲ့ခေါင်းဆောင်က အသံလွှင့်၍ ထောင်ပေါင်းများစွာသော ၎င်း၏ ထောက်ခံသူများအား ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ကျေးရွာများအားလုံးအား မီးရှို့ရန်ညွှန်ကြားခဲ့ကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာအနေဖြင့် မြန်မာက လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟုဆိုသော စွပ်စွဲချက်တွင် အလွန်မြင့်မားသည့် သက်သေထင်ရှားပြသရန်တာဝန်ကို ထမ်းဆောင်ရန်ပျက်ကွက်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ရန် ရည်ရွယ်ချက်မရှိကြောင်းကို အကာအကွယ်ပေးရမည့်အုပ်စုအပေါ် စနစ်တကျ ရည်ရွယ်ချက်ရှိရှိဖျက်ဆီးခြင်းမရှိကြောင်း။

နေရာ ၃ ခုတွင် ARSA အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အခြားနေရာ ၄၃ ခုတွင် စွပ်စွဲထားသည့် သေဆုံးမှုမှာ အလွန်နည်းပါးပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် ၎င်းတို့စွပ်စွဲထားသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုကြောင့် လူပေါင်း ၁၀၀၀၀ သေဆုံးသည်ဟူသောအချက်နှင့် စပ်လျဉ်း၍ သက်သေမပြနိုင်ကြောင်း၊ Croatia အမှုနှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်ပါကြောင်း၊ ARSA အဖွဲ့၏ အကြမ်းဖက်မှုအပေါ်တုံ့ပြန်သည့် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးဖြစ်ကြောင်းကို ဂမ်ဘီယာ၏ ကျွမ်းကျင်သူကိုယ်တိုင်က ဝန်ခံထားပါကြောင်း၊ မြန်မာ့တပ်မတော်၏ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးများသည် ARSA တိုက်ခိုက်မှုရှိသော နေရာများတွင်သာ ပြုလုပ်ခဲ့ကြောင်း၊ ARSA လှုပ်ရှားမှုမရှိသော နေရာများတွင် ထိတွေ့မှုဖြစ်စဉ်များမရှိပါကြောင်း။

အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးသည် ရက်ပိုင်းမျှသာကြာပါကြောင်း၊ ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် လူသတ်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်သည်ဟူသော စွပ်စွဲချက်များမရှိသည့်အတွက် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟူသော စွပ်စွဲချက်မှာ မှန်ကန်မှုမရှိကြောင်း၊ မြန်မာအနေဖြင့် ရခိုင်ဒေသရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိသော ၁၂၆၀၀၀ ဘင်္ဂါလီလူမျိုးများ၏ တစ်ဦးချင်းစီအပေါ်မှ ထိခိုက်မှုတစ်စုံတစ်ရာမပြုလုပ်ခဲ့ကြောင်း၊ အကယ်၍ မြန်မာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့မည်ဆိုပါက အဆိုပါဘင်္ဂါလီလူမျိုးများသည် ဆက်လက်ရှိနေမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာ၏စွပ်စွဲချက်သည် FFM ၏ ထင်မြင်ချက်ကိုသာအခြေခံ၍ တင်ပြထားခြင်းဖြစ်ပြီး သက်သေအထောက်အထားတင်ပြနိုင်ခြင်းမရှိပါကြောင်း။

တရားရုံးအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခြင်းမရှိကြောင်းကို တင်ပြထားသည့် သက်သေအထောက်အထားများအပေါ် ဂရုတစိုက်နှင့်မျှတစွာသုံးသပ်၍ ဆုံးဖြတ်လိမ့်မည်ဟု မြန်မာအနေဖြင့် ယုံကြည်ပါကြောင်း ချေပလျှောက်လဲခဲ့ပါသည်။

## ထူးခြားသည့် ညအပူချိန်များ

၂၁-၁-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| လွိုင်လင် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ဂမ်ဘီယာမှ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်မှုမရှိစေရေးနှင့် ကျူးလွန်သူများအား အပြစ်ပေးရန်နှင့် ဥပဒေပြဋ္ဌာန်းရန် ပျက်ကွက်သည်ဟု စွပ်စွဲချက်အပေါ် မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Alina Miron ၏လျှောက်လဲချက်

ဂမ်ဘီယာက မြန်မာနိုင်ငံအနေဖြင့် Genocide Convention Article I တွင် ဖော်ပြထားသော လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်မှုမရှိစေရေးနှင့် ကျူးလွန်သူများအား အပြစ်ပေးရန်နှင့် Genocide Convention Article V နှင့်အညီ ဥပဒေပြဋ္ဌာန်းရန် ပျက်ကွက်သည်ဟု စွပ်စွဲထားပါကြောင်း၊ ၂၃-၁-၂၀၂၀ ရက်နေ့တွင် ICJ တရားရုံးက ချမှတ်သော ကြားဖြတ်စီမံဆောင်ရွက်ချက် အမိန့်ကိုချိုးဖောက်ခြင်းအတွက်လည်း တာဝန်ရှိသည်ဟုစွပ်စွဲထားပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်းကိုကျူးလွန်ခြင်းအတွက် တာဝန်ရှိမှုနှင့် Genocide Convention တွင် ဖော်ပြထားသော ပြစ်မှုမြောက်စေသည့် အခြားဆက်စပ်မှုများကို ရှင်းပြလိုကြောင်း။

လူမျိုးသုဉ်း သတ်ဖြတ်မှုကို ကျူးလွန်ရန် ပူးပေါင်းကြံစည်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့သည် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်ရန် လိုအပ်သည့်အချက်များဖြစ်ကြောင်း၊ ယခုအမှုတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခြင်းမရှိသဖြင့် ဂမ်ဘီယာ၏ စွပ်စွဲချက်သည် မှန်ကန်မှုမရှိပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်များတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်သည်ဟုသာ ယေဘုယျအားဖြင့်ဖော်ပြသွားကြောင်း၊ Genocide Convention အရ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသော သီးခြားအချက်များအပေါ် သက်သေမပြနိုင်ကြောင်း၊ အကယ်၍ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း စွပ်စွဲပါက အဆိုပါလူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသည့် ပူးပေါင်းကြံစည်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့တည်ရှိကြောင်း သက်သေပြရမည့်တာဝန်သည် စွပ်စွဲသောသူအပေါ် ကျရောက်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သက်သေတင်ပြရန် တာဝန်မရှိကြောင်း၊ စွပ်စွဲသူဂမ်ဘီယာအပေါ်တွင်သာကျရောက်ပါကြောင်း၊ အဆိုပါအယူအဆအပေါ် ဂမ်ဘီယာကလည်း အငြင်းပွားမှု မရှိပါကြောင်း၊ လက်တွေ့တွင် ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသောအချက်များ သီးခြားတည်ရှိကြောင်း (dolus specialis) ကို မတင်ပြနိုင်ပါကြောင်း၊ ၎င်းတင်ပြသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေသည့် သီးခြားတည်ရှိခြင်း (dolus specialis) မှာ လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် တာဝန်ရှိကြောင်းကိုသာပြောနိုင်ကြောင်း၊ မြန်မာနိုင်ငံက လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဟုဆိုသော ဂမ်ဘီယာ၏ စွပ်စွဲချက်မှာ ဥပဒေကြောင်းအရ မှားယွင်းပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် မြန်မာက ဘင်္ဂါလီများအပေါ် ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ခွဲခြားဆက်ဆံပြီး အမုန်းတရားပွားများအောင် တပ်မတော်က ဆောင်ရွက်သည်ဟု FFM တွင် ဖော်ပြချက်များဖြင့် စွပ်စွဲထားသော်လည်း ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကိုဖြစ်ပေါ်စေနိုင်သည့် လှုံ့ဆော်မှုများ သီးခြားတည်ရှိကြောင်း (dolus specialis) ကို သက်သေမပြနိုင်ပါကြောင်း၊ ၎င်းအနေဖြင့် ပြောဆိုနိုင်သည်က ဘင်္ဂါလီများအပေါ် အမုန်းတရားပွားများစေရန် သံဃာတော်အချို့က ပြုလုပ်ပြီး အဆိုပါပြုလုပ်သူများကို တားဆီး အပြစ်ပေးရန် ပျက်ကွက်သည်ဟုသာပြောနိုင်ပါကြောင်း။

အမုန်းစကားကို တားဆီးရန် ပျက်ကွက်မှုသည် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ရန် လှုံ့ဆော်မှုမဟုတ်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေရန်အတွက် အားထုတ်မှုရှိရမည်ဟုဆိုသောအချက်ကိုလည်း ဂမ်ဘီယာအနေဖြင့် သက်သေမပြနိုင်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်စေရန် အားထုတ်မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိရမည်ဆိုသောအချက်ကိုလည်း ဂမ်ဘီယာအနေဖြင့် သက်သေပြသနိုင်ခြင်း မရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို တားဆီးရန်ပျက်ကွက်သည်ဟု ဂမ်ဘီယာ၏အဆိုလွှာနှင့် ယခုလျှောက်လဲချက်များတွင် ဥပမာများဖြင့် စွပ်စွဲဖော်ပြခဲ့သော်လည်း အဆိုပါအချက်များအပေါ် ထပ်မံစိစစ်ခြင်းပြုလုပ်မှုမရှိဘဲစွပ်စွဲ၍သာ ပြောဆိုနိုင်သဖြင့် အဆိုပါအချက်များသည် ဥပဒေကြောင်းအရ သို့မဟုတ် အကြောင်းခြင်းဆိုင်ရာအရ အထောက်အကူမဖြစ်ပါကြောင်း။

ထို့ပြင် ဂမ်ဘီယာက မြန်မာနိုင်ငံအနေဖြင့် Genocide Convention Article V ပါ လိုအပ်သော ဥပဒေပြဋ္ဌာန်းရန် ပျက်ကွက်သည်ဟု စွပ်စွဲထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် Genocide Convention Article V ပါ အချက်အား မိမိတို့၏ ပြစ်မှုဆိုင်ရာဥပဒေတွင် ဖော်ပြထားသော လူသတ်မှု၊ လက်ရောက်မှုနှင့် မုဒိမ်းမှုများကို အပြစ်ပေးနိုင်သော ပြစ်မှုဆိုင်ရာဥပဒေတည်ရှိခြင်းအားဖြင့်လည်း Convention ၏တာဝန်ကို ဖြည့်ဆည်းရာရောက်ကြောင်း၊ ဂမ်ဘီယာ အပါအဝင် ၅၇ နိုင်ငံက Convention Article V ပါ တာဝန်ကို ၎င်းတို့၏ ပြစ်မှုဆိုင်ရာဥပဒေဖြင့် ဖြည့်ဆည်းထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရာဇသတ်ကြီးဥပဒေနှင့်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကို ပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် အဆိုပါ ရာဇသတ်ကြီးနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအား Genocide Convention ပါ လူမျိုးသုဉ်းသတ်ဖြတ်မှုကို သီးခြားဖော်ပြခြင်းဖြင့် ပြင်ဆင်ခဲ့ပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် ကြားဖြတ်စီမံဆောင်ရွက်ချက် အမိန့်ပါ ပထမ၊ ဒုတိယနှင့်တတိယအချက်များကို မြန်မာက ချိုးဖောက်မှုရှိသည်ဟု UN အစီရင်ခံစာများနှင့် လူမှုကွန်ရက်စာမျက်နှာများမှ သတင်းများကို ကိုးကား၍သာ ဖော်ပြနိုင်ပြီး အချက်အလက်တိတိကျကျထောက်ပြနိုင်ခြင်း မရှိပါကြောင်း ပြောကြားခဲ့ပါသည်။

# ဂမ်ဘီယာဘက်မှ စွပ်စွဲတောင်းဆိုထားသည့် ဥပဒေရေးရာ နောက်ဆက်တွဲကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ရှေ့နေ Mr. Stefan Talmon ၏ ချေပလျှောက်လဲချက်

မြန်မာနိုင်ငံသည် Genocide Convention နှင့် Provisional Measures Order တို့ကို ချိုးဖောက်သည်ဟုဆိုကာ ဂမ်ဘီယာနိုင်ငံက ကုစားခွင့်များ တောင်းဆိုထားပါကြောင်း နစ်နာသူ မဟုတ်သည့်နိုင်ငံ (non-injured State) ဖြစ်သည့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအနေဖြင့် Genocide Convention ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်ခဲ့ကြောင်း တရားရုံးက ကြေညာချက်ထုတ်ပြန်ပေးရန်၊ ဆက်လက်ဖြစ်ပေါ်နေသော ချိုးဖောက်မှုများကို ချက်ချင်းရပ်တန့်ရန် အမိန့်ချမှတ်ပေးရန် တောင်းဆိုထားပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ထပ်မံမကျူးလွန်ပါဟု အာမခံချက်ပေးရန် အမိန့်ချမှတ်ပေးရေး၊ လူမျိုးသုဉ်းသတ်ဖြတ်မှုတွင် ကျူးလွန်ခံရသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးပေးခြင်းနှင့် အခြားသော ကျေနပ်နှစ်သိမ့်မှုပေးခြင်းနည်းလမ်းများအပါအဝင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် သီးခြားလုပ်ဆောင်ချက်များဖြင့် ကုစားပေးရန် ကြေညာချက်ထုတ်ပြန်ပေးရေးတို့ကိုလည်း တောင်းဆိုထားပါကြောင်း။

မြန်မာနိုင်ငံသည် အဆိုပါချိုးဖောက်မှုကို ပြုလုပ်ခဲ့သည်ဟု ဂမ်ဘီယာနိုင်ငံက ခိုင်လုံသည့် သက်သေအထောက်အထားများတင်ပြနိုင်ခြင်းမရှိသည့်အတွက် ကုစားခွင့်ပေးရန်ဟူသော အကြောင်းပေါ်ပေါက်ခြင်းမရှိသည်ကိုတင်ပြအပ်ပါကြောင်း၊ တရားရုံးတော်က ကုစားမှုများနှင့်ပတ်သက်၍ သုံးသပ်ဆုံးဖြတ်ရာတွင် (၁) တရားရုံးတော်အနေဖြင့်သီးခြားကုစားမှုတောင်းဆိုချက်တစ်ရပ်ကို လက်ခံကြားနာရန် စီရင်ပိုင်ခွင့် ရှိ-မရှိ၊ (၂) တောင်းဆိုထားသောကုစားမှုအတွက်ဥပဒေအခြေခံ (legal basis) ရှိ-မရှိ နှင့် (၃) အချက်အလက်များနှင့် ဥပဒေ အခြေခံ၏ ဥပဒေဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ-မရှိတို့ကို စိစစ်ရမည်ဖြစ်ပါကြောင်း၊ တောင်းဆိုသည့် ကုစားမှုတစ်ခုချင်းစီအတွက် တရားရုံးတော်၏ စီရင်ပိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း။

ဂမ်ဘီယာနိုင်ငံကဲ့သို့သော နစ်နာသူ မဟုတ်သည့်နိုင်ငံ (non-injured State)တစ်ခုက လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟု ဆိုသောသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးပေးရန် တောင်းဆိုချက်ကို လက်ခံကြားနာရန် တရားရုံးတော်၌ စီရင်ပိုင်ခွင့်မရှိဟု မြန်မာနိုင်ငံက တင်ပြလိုပါကြောင်း၊ ကုစားမှုများနှင့် စပ်လျဉ်းသည့် တရားရုံးတော်၏ စီရင်ပိုင်ခွင့်သည် "လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှု" ဟူသောစကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် မူတည်နေပါကြောင်း၊ "နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှု" ဆိုသော စကားရပ်ကို "နိုင်ငံတကာဥပဒေနှင့်ဆန့်ကျင်သော ပြုမူဆောင်ရွက်ချက်များအတွက် နိုင်ငံများ၏တာဝန်ရှိမှုဆိုင်ရာ နိုင်ငံတကာဥပဒေစည်းမျဉ်းများ"နှင့် ချိန်ထိုး၍ အဓိပ္ပာယ်ဖွင့်ဆိုရပါမည်ဖြစ်ပါကြောင်း။

၎င်းစည်းမျဉ်းများအရ နိုင်ငံတကာဥပဒေချိုးဖောက်မှုများအတွက် တစ်ဦးချင်းနစ်နာသူများအား လျော်ကြေးပေးရန် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုဆိုင်ရာ အထွေထွေစည်းမျဉ်းများအရ နိုင်ငံသည် သာလျှင် ထိခိုက်နစ်နာသူဖြစ်ပါကြောင်း၊ ထို့ကြောင့် လျော်ကြေးပေးခြင်းနှင့် စပ်လျဉ်း၍ Article IX အရ တရားရုံးတော်၏ စီရင်ပိုင်ခွင့်သည် နိုင်ငံအချင်းချင်းတာဝန်ရှိမှု (inter-State responsibility) အပေါ်တွင်သာ ကန့်သတ်ထားပါကြောင်း။

Climate Change နှင့် စပ်လျဉ်း၍ တရားရုံးတော်၏ Advisory Opinion အရ နိုင်ငံတစ်နိုင်ငံ၏တာဝန်ရှိမှုနှင့် သက်ဆိုင်သော နိုင်ငံတကာဥပဒေစည်းမျဉ်းများ၌ ပုဂ္ဂိုလ်တစ်ဦးချင်းက တင်ပြသောတာဝန်ရှိမှုအတွက် တောင်းဆိုချက် ပါဝင်ခြင်းမရှိသည်မှာ ထင်ရှားလျက်ရှိပါကြောင်း၊ စီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ အပြီးသတ်စီရင်ဆုံးဖြတ်ပြီးဖြစ်ခြင်း (res judicata) သည်တောင်းဆိုထားသော ကုစားမှုများအပေါ် စီရင်ပိုင်ခွင့်ရှိခြင်းလည်း ပါဝင်သည်ဟု ဂမ်ဘီယာက တင်ပြချက်သည် မှားယွင်းလျက်ရှိပါကြောင်း၊ Bosnian Genocide အမှုတွင် တရားရုံးက စီရင်ပိုင်ခွင့်ရှိကြောင်း(existence of jurisdiction)နှင့် စီရင်ပိုင်ခွင့်အတိုင်းအတာ (extent of jurisdiction) တို့ကို ခွဲခြားသုံးသပ်ခဲ့ပါကြောင်း။

Genocide Convention ၏ Article IX ပါ "လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှု" ဆိုသော စကားရပ်၏အဓိပ္ပာယ်အရ ယခုအမှုတွင် တရားရုံးတော်၏ စီရင်ပိုင်ခွင့်သည် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟုဆိုသောသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုမှုများအထိ သက်ရောက်ခြင်းမရှိဟု ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် တင်ပြအပ်ပါကြောင်း။

ကနဦးကန့်ကွက်လွှာဆိုင်ရာ စီရင်ချက်သည် ဂမ်ဘီယာနိုင်ငံက တောင်းဆိုထားသော ကုစားမှုများအတွက် ဥပဒေအခြေခံရှိ-မရှိ မေးခွန်းကိုသုံးသပ်ခဲ့ခြင်းမရှိသလို ဆုံးဖြတ်ခဲ့ခြင်းလည်းမရှိပါကြောင်း၊ ဂမ်ဘီယာ၏ ကုစားခွင့်တောင်းဆိုချက်များသည် ဥပဒေအခြေခံမရှိပါသည်ကိုတင်ပြအပ်ပါကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟုဆိုသောသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုမှုကို "နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို ဆိုးရွားစွာ ချိုးဖောက်မှုများနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ပြင်းထန်စွာချိုးဖောက်မှုများမှ ကျူးလွန်ခံရသူများအတွက် ကုစားခွင့်နှင့် လျော်ကြေးရခွင့်ဆိုင်ရာ အခြေခံမူများနှင့်လမ်းညွှန်ချက်များ" (Basic Principles and Guidelines) အပေါ်တွင်လည်း အခြေခံ၍မရပါကြောင်း၊ အဆိုပါ အခြေခံမူများနှင့်လမ်းညွှန်ချက်များသည် ဥပဒေအရ စည်းနှောင်မှုမရှိသလို နိုင်ငံတကာဥပဒေအရ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟုဆိုသောသူများထံ တိုက်ရိုက်လျော်ကြေးပေးရန်အတွက် နိုင်ငံတကာဥပဒေအရ တာဝန်ဝတ္တရားတစ်ရပ်ရပ်ကိုလည်း သတ်မှတ်ထားခြင်းမရှိပါကြောင်း။

ဂမ်ဘီယာနိုင်ငံသည် ၎င်း၏လျော်ကြေးတောင်းဆိုမှုအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) ၏ နိုင်ငံများ၏ တာဝန်ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ အပိုဒ် ၄၈၊ အပိုဒ်ခွဲ ၂ (ခ) ကို ကိုးကားထားပါကြောင်း၊ ၎င်းအပိုဒ်တွင် နစ်နာသူမဟုတ်သော နိုင်ငံများသည် အဖွဲ့ဝင်အားလုံးနှင့်သက်ဆိုင်သော တာဝန်ဝတ္တရားများ (obligations erga omnes partes) ကို အကျိုးခံစားခွင့်ရှိသူများ၏ အကျိုးစီးပွားအတွက် တာဝန်ရှိသောနိုင်ငံထံမှလျော်ကြေးပေးရန်တာဝန်ကိုဆောင်ရွက်ပေးရေးတောင်းဆိုနိုင်သည်ဟုဆိုထားပါကြောင်း၊ သို့သော် ၎င်းပြဋ္ဌာန်းချက်သည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ (customary international law) ကို ထင်ဟပ်ဖော်ပြခြင်းမရှိပါဟု မြန်မာနိုင်ငံ၏ ချေပလွှာတွင် တင်ပြထားပြီးဖြစ်ပါကြောင်း။

လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခံရသည်ဟုဆိုသူများ၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုချက်အတွက် ဂမ်ဘီယာက ILC ၏ "နိုင်ငံများ၏ တာဝန်ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ" အပိုဒ် ၄၈၊ အပိုဒ်ခွဲ ၂ (ခ) ကို ကိုးကားထားပါကြောင်း၊ ယင်း အပိုဒ် ၄၈၊ အပိုဒ်ခွဲ ၂ (ခ) အရ

စာမျက်နှာ ၁၀ သို့ ◆

◆ **စာမျက်နှာ ၉ မှအဆက်**

အကျိုးခံစားခွင့်ရှိသူတစ်ဦးသည် အခြားအကျိုးခံစားခွင့်ရှိသူတစ်ဦး၏ အကျိုးစီးပွားအတွက် လျော်ကြေးတောင်းဆိုခွင့်မရှိပါကြောင်း၊ ဂမ်ဘီယာက မြန်မာနိုင်ငံအား "ရိုဟင်ဂျာအုပ်စုဝင်အားလုံးကို နိုင်ငံသားဖြစ်ခွင့် အပြည့်အဝနှင့် တန်းတူညီမျှပေးအပ်ရန်"နှင့် "တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များအား ထိရောက်သော အရပ်သားအုပ်ချုပ်မှုဖြင့် ထိန်းချုပ်ထားကြောင်း"သေချာစေရန် အမိန့်ချမှတ်ပေးရေး တောင်းဆိုထားပါကြောင်း၊ အဆိုပါတောင်းဆိုထားသောအမိန့်သည် မြန်မာနိုင်ငံ၏ပြည်တွင်းစီရင်ပိုင်ခွင့်နယ်ပယ် (domaine réservé) ကို နက်ရှိုင်းစွာ စွက်ဖက်ခြင်းဖြစ်ပါကြောင်း။

တရားရုံးတော်၏ ကြားဖြတ် စီမံဆောင်ရွက်ချက်အမိန့် အပိုဒ် ၈၆ (၁)၊ (၂) နှင့် (၃) ကို ချိုးဖောက်မှုမှန်သမျှအတွက် "မူလအခြေအနေသို့ပြန်လည်ရောက်ရှိစေခြင်း (restitution) ကို အတတ်နိုင်ဆုံးဆောင်ရွက်ပေးရန်" ဂမ်ဘီယာကတောင်းဆိုထားပါကြောင်း၊ ဂမ်ဘီယာသည် အဓိကတရားစီရင်ဆောင်ရွက်မှုတွင် လူမျိုးသုဉ်းစေသောပြုလုပ်မှုကို ကြေညာပေးခြင်းဖြင့် ကုစားမှုကိုသာရရှိရန် အကန့်အသတ်ရှိသောကြောင့် ကြားဖြတ်စီမံဆောင်ရွက်မှုအမိန့်ကို ချိုးဖောက်သည်ဟု စွပ်စွဲချက်များနှင့်ပတ်သက်၍ မူလအခြေအနေသို့ပြန်ရောက်စေခြင်းနှင့် လျော်ကြေးတို့ကို တောင်းဆိုနိုင်မည် မဟုတ်ပါကြောင်း။

ဂမ်ဘီယာသည် နောက်ဆက်တွဲညှိနှိုင်းမှုများတွင် မြန်မာနိုင်ငံထံမှ ငွေပမာဏအများဆုံးရယူနိုင်ရန် မျှော်လင့်ချက်ဖြင့် ထိခိုက်နစ်နာမှုကို အတိအကျမဖော်ပြဘဲ ဖြစ်ပေါ်ခဲ့သည့် ထိခိုက်နစ်နာမှုတစ်ရပ်ရပ်အတွက် မြန်မာနိုင်ငံက မူလအခြေအနေသို့ပြန်ရောက်စေရမည် သို့မဟုတ် လျော်ကြေးပေးရမည်ဟု တရားရုံးတော်မှစိတ်ကူးပုံဖော်၍ ယေဘုယျဆန်သောကြေညာချက် (abstract and general declaration) တစ်ရပ်ထုတ်ပြန်ပေးရန်သာ ကြိုးပမ်းနေပါကြောင်း၊ သို့သော် တရားရုံးတော်၏ တာဝန်မှာ စိတ်ကူးပုံဖော်ထားသော ဥပဒေဆိုင်ရာဖော်ပြချက်များကို ပြုလုပ်ရန်မဟုတ်ဘဲ ခိုင်မာတိကျသောအငြင်းပွားမှုများကို ဖြေရှင်းပေးရန်ဖြစ်ပါကြောင်း၊ တရားရုံးတော်သည် ကြားဖြတ်စီမံဆောင်ရွက်မှုအမိန့်ကို ချိုးဖောက်ခြင်းအတွက် လျော်ကြေးပေးရန် တစ်ကြိမ်တစ်ခါမျှ အမိန့်မချမှတ်ခဲ့ဖူးပါကြောင်း၊ ဂမ်ဘီယာ၏ အခြားသောကုစားမှုများအတွက် တောင်းဆိုချက်သည် ဥပဒေအခြေခံမှုမရှိသဖြင့် ပယ်ချသင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

➲ **စာမျက်နှာ ၁၁ မှအဆက်**

**ARSA ရဲ့ လုပ်ရပ်တွေမှာ အဆိုးရွားဆုံးကတော့ လူမျိုးရေးမုန်းတီးမှုအပေါ်အခြေခံတဲ့ သတ်ဖြတ်မှုတွေပါပဲ။ ARSA ဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုသာ တိုက်ခိုက်တာမဟုတ်ဘဲ ဒေသခံတိုင်းရင်းသားတွေနဲ့ ဟိန္ဒူဘာသာဝင်တွေကိုပါ ပစ်မှတ်ထားသတ်ဖြတ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ မနက်ပိုင်းမှာ ARSA အကြမ်းဖက်သမားတွေဟာ ရဲဘောက်ကျကျေးရွာက ဟိန္ဒူဘာသာဝင် ၅၂ ဦးနဲ့ ခမောင်းဆိပ် (တောင်) ရွာက ၅၃ ဦး၊ စုစုပေါင်း ၁၀၅ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။ အဲဒီအထဲက ဟိန္ဒူဘာသာဝင် ၄၅ ဦးကို ရက်ရက်စက်စက် လည်လှီးသတ်ဖြတ်ပြီး ကျင်းတစ်ခုထဲမှာ မြှုပ်နှံခဲ့တာကို ပြန်လည်တူးဖော်တွေ့ရှိခဲ့ရပါတယ်။**

ဒါတင်မကသေးပါဘူး။ ARSA ဟာ ဒေသခံမြို တိုင်းရင်းသားတွေ၊ ဒိုင်းနက်လူမျိုးတွေကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပါတယ်။ ပိုပြီး ထိတ်လန့်စရာကောင်းတာကတော့ ARSA ဟာ သူတို့ရဲ့အကြမ်းဖက်လမ်းစဉ်ကို လက်မခံတဲ့၊ အစိုးရနဲ့ ပူးပေါင်းတယ်လို့ယူဆရတဲ့ အစ္စလာမ်ဘာသာဝင် အချင်းချင်းကိုပါ သစ္စာဖောက်ဆိုပြီး ခေါင်းဖြတ်သတ်ဖြတ်ခဲ့တာတွေရှိပါသေးတယ်။ ဒီအချက်တွေက ဘာကိုပြနေသလဲဆိုတော့ ARSA ဟာ လူ့အခွင့်အရေးလှုပ်ရှားသူတွေ မဟုတ်ဘဲ ISIS လိုမျိုး အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်း (Terrorist Group)သာဖြစ်ကြောင်း သက်သေပြနေပါတယ်။

**နိုင်ငံတော်အစိုးရဟာ ARSA ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကိုတုံ့ပြန်တဲ့အနေနဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter–Terrorism Operation) ကို ဆင်နွှဲခဲ့ခြင်းသာဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံနဲ့ OIC တို့က ICJ မှာစွပ်စွဲနေသလို မြန်မာနိုင်ငံမှာ ဘင်္ဂါလီလူမျိုးတွေကို မျိုးဖြုတ်သတ်ဖြတ်နေတာမျိုး လုံးဝမရှိပါဘူး။ ကမ္ဘာ့ဘယ်နိုင်ငံမှာမဆို အကြမ်းဖက်သမားတွေက နယ်မြေလုံခြုံရေးကိုထိပါးလာရင်၊ အပြစ်မဲ့ပြည်သူတွေကိုသတ်ဖြတ်လာရင် အစိုးရအနေနဲ့ နိုင်ငံသားတွေကိုကာကွယ်ပေးဖို့ တာဝန်ရှိပါတယ်။ မြန်မာ့တပ်မတော်နဲ့ရဲတပ်ဖွဲ့ဟာ ARSA အကြမ်းဖက်သမားတွေကိုသာ ပစ်မှတ်ထားရှင်းလင်းခဲ့တာဖြစ်ပြီး အပြစ်မဲ့ပြည်သူတွေကို ထိခိုက်မှုမရှိအောင် Rules of Engagement (ROE) နဲ့အညီ ဆောင်ရွက်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာတွေက ဖော်ပြထားပါတယ်။**

နိုင်ငံတကာကပြောနေကြတဲ့ သိန်းနဲ့ချီတဲ့ဒုက္ခသည်တွေ ထွက်ပြေးနေရတယ်ဆိုတဲ့ ကိစ္စရဲ့နောက်ကွယ်မှာလည်း ARSA ရဲ့နိုင်ငံရေးကစားကွက် (Political Trap)ကြီးတစ်ခုရှိနေပါတယ်။ ARSA အဖွဲ့ဟာ ဘင်္ဂါလီလူမျိုးတွေကိုလူသားဒိုင်း(Human Shields) အဖြစ် အသုံးပြုခဲ့သလို သူတို့ရဲ့တိုက်ခိုက်မှုမအောင်မြင်တဲ့အခါမှာ ကျေးရွာတွေကို သူတို့ကိုယ်တိုင် မီးရှို့ပြီး ထွက်ပြေးကြပါတယ်။ ပြီးတော့ သာမန်ဘင်္ဂါလီရွာသားတွေကို ခြိမ်းခြောက်ပါတယ်။ **“မင်းတို့ထွက်မပြေးရင် အစိုးရစစ်တပ်က လာသတ်လိမ့်မယ်”၊ “မလိုက်ရင် မင်းတို့ကိုသစ္စာဖောက်အဖြစ် သတ်မယ်”** ဆိုပြီးခြိမ်းခြောက်ကာ တစ်ဖက်နိုင်ငံကို ထွက်ပြေးအောင် တွန်းအားပေးမောင်းထုတ်ခဲ့ကြတာပါ။ တစ်ဖက်မှာလည်း **“ဟိုဘက်နိုင်ငံရောက်ရင် နိုင်ငံတကာအထောက်အပံ့တွေနဲ့ ကောင်းကောင်းနေရမယ်၊ တတိယနိုင်ငံသွားရမယ်”**ဆိုပြီး မက်လုံးပေးစည်းရုံးခဲ့ကြပါတယ်။ သူတို့ရဲ့ရည်ရွယ်ချက်က ဒုက္ခသည်အကျပ်အတည်း (Refugee Crisis)ကို ဖန်တီးပြီး နိုင်ငံတကာဖိအား မြန်မာနိုင်ငံအပေါ် ကျရောက်လာအောင် လုပ်ဆောင်ခြင်းသာဖြစ်ပါတယ်။

အခု ၂၀၂၆ ခုနှစ် ICJ မှာ အမှုရင်ဆိုင်နေရချိန်အထိ ဂမ်ဘီယာနိုင်ငံဘက်က ရှေ့နေတွေဟာ ARSA ရဲ့ အခန်းကဏ္ဍကို လုံးဝထည့်သွင်းပြောဆိုခြင်းမရှိသလောက်ပါပဲ။ ဒါ့အပြင် အကြမ်းဖက်သမား ၆၀၀၀ ကျော်၊ ၁၀၀၀၀ လောက်ကလက်နက်တွေ၊ မိုင်းတွေနဲ့ တိုက်ခိုက်နေတာကို ထုတ်ပြောခဲ့တာမရှိသလို ဒါတွေအတွက် ဘယ်လိုဖြေရှင်းကုစားပေးမှာလဲလို့ ပြန်ပြီး မေးခွန်းထုတ်လိုက်ရင်လည်း သူတို့အဖြေမပေးနိုင်ပါဘူး။

BBC အင်တာဗျူးတစ်ခုမှာ ဂမ်ဘီယာဘက်က ရှေ့နေ Mr. Suleman ပြောကြားချက်တွေကိုကြည့်ရင် သူတို့ရဲ့ရည်ရွယ်ချက်က တရားမျှတမှုထက် မြန်မာနိုင်ငံဆီက လျော်ကြေးငွေ(Compensation)ရလိုမှုက ပိုများနေတာကိုတွေ့ရပါတယ်။ သူတို့ဟာ ARSA ရဲ့ အကြမ်းဖက်မှုတွေကိုမျက်ကွယ်ပြုပြီး တစ်ဖက်သတ် FFM (Fact–Finding Mission) အစီရင်ခံစာတွေကိုပဲ ကိုးကားနေကြပါတယ်။ အဲဒီအစီရင်ခံစာတွေက မြေပြင်အခြေအနေမှန်ကို မထင်ဟပ်ဘဲ နိုင်ငံရေးအရ ဘက်လိုက်မှုတွေရှိနေပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ ARSA ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုဖို့ ဝန်လေးနေတာဟာ အလွန်အန္တရာယ်ကြီးမားပါတယ်။ ဒါဟာ အကြမ်းဖက်ဝါဒကိုသွယ်ဝိုက်ပြီး အားပေးရာရောက်နေပါတယ်။

၂၀၂၆ ခုနှစ်အထိ ARSA ဟာ ပျောက်ကွယ်သွားခြင်းမရှိဘဲ နယ်စပ်ဒေသမှာခိုအောင်းပြီး အကြမ်းဖက်လုပ်ရပ်တွေကိုနည်းမျိုးစုံနဲ့ ဆက်လက်ကျူးလွန်နေဆဲဖြစ်ပါတယ်။ ဒုက္ခသည်စခန်းတွေမှာ လူသစ်စုဆောင်းတာ၊ ပြန်လည်ဝင်ရောက်ဖို့ ကြိုးစားတဲ့သူတွေကို ခြိမ်းခြောက်သတ်ဖြတ်တာတွေ လုပ်ဆောင်နေဆဲပါ။ ICJ မှာ တရားရင်ဆိုင်နေရတဲ့ မြန်မာနိုင်ငံအနေနဲ့ကတော့ ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာဆက်လက်ဖြေရှင်းနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ ဘင်္ဂါလီလူမျိုးတွေကို မုန်းတီးလို့ တိုက်ခိုက်နေတာမဟုတ်ဘဲ နိုင်ငံတော်ကို ရန်ပြုလာတဲ့ ARSA အကြမ်းဖက်အဖွဲ့ကို နှိမ်နင်းနေခြင်း (Counter–Terrorism Operation)သာဖြစ်တယ်ဆိုတာကို နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း မျက်လုံးဖွင့်ပြီး အမှန်တရားကို ကြည့်စေချင်ပါတယ်။

မြန်မာနိုင်ငံရဲ့အနောက်တံခါးဝကို ခြိမ်းခြောက်နေတဲ့ ARSA အန္တရာယ်ဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းရဲ့ပြဿနာမဟုတ်ပါဘူး။ အကြမ်းဖက်ဝါဒကို ဆန့်ကျင်တဲ့ ကမ္ဘာ့နိုင်ငံတိုင်း လက်ခံအသိအမှတ်ပြုပြီး ဝိုင်းဝန်းတိုက်ဖျက်ရမယ့် ဘုံရန်သူဖြစ်ပါတယ်။ နိုင်ငံတကာအနေနဲ့ ဘင်္ဂါလီတိုင်းကို ဒုက္ခသည်လို့ သတ်မှတ်နေသလို ARSA အဖွဲ့ဝင်တိုင်းကလည်း ဘင်္ဂါလီဖြစ်နေတယ်ဆိုတာကို မမေ့စေချင်ပါဘူး။ မြန်မာနိုင်ငံအနေနဲ့ ARSA အကြမ်းဖက်အဖွဲ့ရဲ့ ဒေသခံဘင်္ဂါလီတွေနဲ့ရခိုင်တိုင်းရင်းသားတွေအပေါ် အကြမ်းဖက်တိုက်ခိုက်ခဲ့လို့ ဖြစ်ပေါ်လာခဲ့ရတဲ့ ဖြစ်ရပ်မှန်တွေကိုဂုဏ်သိက္ခာရှိရှိ ဥပဒေကြောင်းအရ ခိုင်မာတဲ့အချက်အလက်တွေနဲ့ တုံ့ပြန်နေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့တရားမျှတတဲ့ခုခံပိုင်ခွင့်ကို လေးစားကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း သတိမူဂူမြင်စေဖို့အသိပေးတင်ပြလိုက်ရပါတယ်။ ။

❖ **နိုင်ငံတော်အစိုးရဟာ ARSA ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကိုတုံ့ပြန်တဲ့အနေနဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter -Terrorism Operation)ကိုဆင်နွှဲခဲ့ခြင်းသာဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံနဲ့ OIC တို့က ICJ မှာစွပ်စွဲနေသလို မြန်မာနိုင်ငံမှာ ဘင်္ဂါလီလူမျိုးတွေကို မျိုးဖြုတ်သတ်ဖြတ်နေတာမျိုးလုံးဝမရှိပါဘူး။ ကမ္ဘာ့ဘယ်နိုင်ငံမှာမဆို အကြမ်းဖက်သမားတွေက နယ်မြေလုံခြုံရေးကိုထိပါးလာရင်၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်လာရင် အစိုးရအနေနဲ့ နိုင်ငံသားတွေကိုကာကွယ်ပေးဖို့တာဝန်ရှိပါတယ်။ မြန်မာ့တပ်မတော်နဲ့ရဲတပ်ဖွဲ့ဟာ ARSA အကြမ်းဖက်သမားတွေကိုသာ ပစ်မှတ်ထားရှင်းလင်းခဲ့တာဖြစ်ပြီး အပြစ်မဲ့ပြည်သူတွေကိုထိခိုက်မှုမရှိအောင် Rules of Engagement (ROE) နဲ့အညီဆောင်ရွက်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာတွေက ဖော်ပြထားပါတယ် . . .**

# MSME ဒေသထွက်ကုန်များ အရည်အသွေးမြှင့်တင်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် MSME ဒေသထွက်ကုန်များ အရည်အသွေးမြှင့်တင်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် MSME ဒေသထွက်ကုန်များ အရည်အသွေးမြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် MSME ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသလို ခရိုင်အလိုက် ဒေသထွက်ကုန် အရောင်းစင်တာများဖွင့်လှစ်၍ ဈေးကွက်ရှာဖွေခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း/ပြည်ပ ဈေးကွက်ကျယ်ပြန့်စွာရရှိရေး မကြာမီ နေပြည်တော်၌ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ MSME ဒေသထုတ်ကုန်များ၊ စားသုံးကုန်များ၊ လယ်ယာစက်ပစ္စည်းထုတ်ကုန်များကို အဆင့်အတန်းမီမီ ခင်းကျင်းပြသရောင်းချနိုင်ရေး အားလုံးကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝင်ရောက်ပြသသွားမည့်အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက ကဏ္ဍအလိုက် ပါဝင်ပြသရောင်းချသွားမည့် ပစ္စည်းအမျိုးအမည်များအား Power Point ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် တာဝန်ရှိသူများက MSME ဒေသထွက်ကုန်များ အရည်အသွေးမြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရရှိရေးနှင့် ပြည်တွင်းထုတ်ကုန် အဆင့်မှ ပြည်ပပို့ကုန်အဆင့်ထိရောက်ရှိစေရေးနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့်လုပ်ငန်းစီမံချက်များအားရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်းသိရသည်။ **ဥဿာတိုင်းသား**

# နိုင်ငံတကာမှ မသိကျိုးကျွန်ပြုထားသော မြန်မာနိုင်ငံ၏အနောက်တံခါးဝက ARSA အဖွဲ့၏အကြမ်းဖက်လုပ်ရပ်များ

မင်းခန့်

နိုင်ငံတစ်နိုင်ငံလို့ ဆိုလိုက်တာနဲ့ အဲဒီနိုင်ငံရဲ့ အချုပ်အခြာအာဏာ (Sovereignty) နဲ့ နယ်မြေလုံခြုံရေးဆိုတာ အသက်တမျှအရေးကြီးပါတယ်။ ကမ္ဘာ့မြေပုံပေါ်က ဘယ်နိုင်ငံရဲ့ အစိုးရမဆို သူတို့ရဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ရဲစခန်းတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို အကြမ်းဖက်သမားတွေက ဝင်ရောက်စီးနင်းတိုက်ခိုက်လာရင် လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး။ ဒါဟာ နိုင်ငံတကာဥပဒေအရရော နိုင်ငံတစ်နိုင်ငံရဲ့ ခုခံပိုင်ခွင့်အရပါ တရားဝင်တဲ့ တုံ့ပြန်မှုဖြစ်ပါတယ်။

ဒီနေ့ ဆွေးနွေးချင်တာကတော့ ကမ္ဘာ့မီဒီယာတွေမှာ ဝေဝေဆာဆာဖော်ပြနေကြတဲ့ လူ့အခွင့်အရေးခေါင်းစဉ်အောက်က ဖုံးကွယ်ခံထားရတဲ့ ကြောက်စရာကောင်းတဲ့ အမှန်တရားတစ်ခုအကြောင်းပါ။ အဲဒါကတော့ မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးပေါက်ဖြစ်တဲ့ ရခိုင်ပြည်နယ် မောင်တောဒေသမှာ အမြစ်တွယ်နေတဲ့ ARSA (Arakan Rohingya Salvation Army) အကြမ်းဖက်အဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ၊ သူတို့နောက်ကွယ်က နိုင်ငံရေးကစားကွက်နဲ့ မျောက်ပြဆန်တောင်းလုပ်ရပ်တွေအကြောင်းပဲဖြစ်ပါတယ်။

ARSA အဖွဲ့ကို မြန်မာနိုင်ငံအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ကတည်းက အကြမ်းဖက်အဖွဲ့အဖြစ် ဥပဒေနဲ့အညီ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ယခုတစ်ကမ္ဘာလုံးက စိတ်ဝင်တစားစောင့်ကြည့်နေကြတဲ့ ICJ မှာ မြန်မာနဲ့ ဂမ်ဘီယာအမှုရဲ့ ပြဿနာအစ၊ အဓိကအရင်းအမြစ်ကတော့ ARSA ပဲဖြစ်ပါတယ်။ သူ့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကို တပ်မတော်က ROE နဲ့အညီ တုံ့ပြန်တိုက်ခိုက်ရာကနေ ဒီအမှုဟာ ၂၀၁၉ ခုနှစ်ကတည်းက စတင်ခဲ့တာပါ။

အခုဆိုရင် ၂၀၂၆ ခုနှစ်ကို ရောက်ရှိလာပြီဖြစ်ပေမယ့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ မြန်မာနိုင်ငံကို စွပ်စွဲထားတဲ့ အမှုတွေက မပြီးပြတ်သေးပါဘူး။ မြန်မာနိုင်ငံက Genocide(လူမျိုးသုဉ်းသတ်ဖြတ်မှု)ကျူးလွန်တယ်ဆိုပြီး ဂမ်ဘီယာနိုင်ငံက တရားစွဲထားတာကို ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံက တရားစွဲထားတဲ့ဒီအမှုမှာ နိုင်ငံတကာက မြန်မာနိုင်ငံကို လူ့အခွင့်အရေးချိုးဖောက်သူအဖြစ်လက်ခံလာအောင်ပုံဖော်နေကြပေမယ့် တကယ့်လက်တွေ့မြေပြင်မှာ အကြမ်းဖက်ခံရသူတွေ၊ သတ်ဖြတ်ခံရသူတွေနဲ့ နေရပ်စွန့်ခွာထွက်ပြေးနေရတာတွေရဲ့လက်သည်တရားခံဖြစ်တဲ့ **ARSA (Arakan Rohingya Salvation Army)** အစွန်းရောက်အကြမ်းဖက်အဖွဲ့ကြီးအကြောင်းကိုတော့ တမင်သက်သက်မေ့လျော့ထားကြသလိုပါပဲ။ အထူးသဖြင့် ဂမ်ဘီယာနိုင်ငံ လျှောက်လဲချက်တွေမှာ ARSA အဖွဲ့ကိုမသိတဲ့ပုံစံမျိုးအထိ ဖုံးကွယ်နေတာ အံ့ဩဖွယ်ရာကြားသိရပါတယ်။

**ARSA အဖွဲ့ဟာ ရိုးရိုးရှင်းရှင်းဒေသခံတွေ မကျေနပ်လို့ထကြွတဲ့အဖွဲ့လေးလို့ ထင်နေရင်တော့ အကြီးအကျယ်မှားသွားပါလိမ့်မယ်။ သူတို့ရဲ့နောက်ကွယ်မှာ ခိုင်မာတဲ့ ဖွဲ့စည်းပုံ၊ နိုင်ငံတကာအစွန်းရောက်အဖွဲ့တွေရဲ့ အထောက်အပံ့နဲ့ ကြီးမားတဲ့ ရည်ရွယ်ချက်တွေရှိနေပါတယ်။ နိုင်ငံတကာမီဒီယာအများစုက ARSA ကို "လွတ်မြောက်ရေး လှုပ်ရှားသူများ" အဖြစ် ပုံဖော်ချင်ကြပေမယ့် သူတို့ရဲ့ဇာစ်မြစ်ကိုလေ့လာကြည့်ရင် အစွန်းရောက်အကြမ်းဖက်ဝါဒနဲ့ဆက်နွှယ်နေတာကို တွေ့ရမှာပါ။** ARSA အဖွဲ့ (ယခင် Aqa Mul Mujahidin)ကို ဦးဆောင်နေသူကတော့ ပါကစ္စတန်နိုင်ငံ ကရာချီမြို့မှာ မွေးဖွားကာ ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့မှာ ကြီးပြင်းခဲ့ပြီး မြန်မာနိုင်ငံ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာကို ပြောင်းရွှေ့နေခဲ့တဲ့ အသက် ၄၅ နှစ်အရွယ် အာတာအူလ္လာ (ခ) ဟာဘစ်တူဟာရ် (Hafiz Tohar) ဆိုသူဖြစ်ပါတယ်။

ဟာဘစ်တူဟာရ်ဟာ ပါကစ္စတန်အခြေစိုက်



ဟာဘစ်တူဟာရ်နှင့် ၎င်း၏အကြမ်းဖက်အဖွဲ့ဝင်များ

တာလီဘန်အကြမ်းဖက်အဖွဲ့မှာ ခြောက်လကြာ စစ်သင်တန်းတက်ခဲ့ဖူးသူတစ်ဦးပါ။ သူဟာ တစ်ဦးတည်းလှုပ်ရှားသူမဟုတ်ဘဲ ပါကစ္စတန်နိုင်ငံသား ခါလစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတာပါလောင်ဒုက္ခသည်စခန်းနေ အီဗရာဟိန်း၊ အဇာနှင့် အာရပ်တူလာ အပါအဝင် အမာခံ ၁၂ ဦးနဲ့ အုပ်စုဖွဲ့လှုပ်ရှားခဲ့တာဖြစ်ပါတယ်၊ သူတို့ဟာ RSO အကြမ်းဖက်အဖွဲ့နဲ့ဆက်နွှယ်ပြီး Aqa Mul Mujahidin အမည်နဲ့ မောင်တောဒေသမှာ အကြမ်းဖက်မှုတွေကို စတင်ပြုလုပ်ခဲ့တာပါ။ သူတို့အဖွဲ့ကို ဆော်ဒီအာရေဗျက ဘာသာရေးခေါင်းဆောင်တချို့က ငွေကြေးထောက်ပံ့ခဲ့ပြီး နိုင်ငံတကာအကြမ်းဖက်ကွန်ရက်တွေနဲ့လည်း ချိတ်ဆက်ထားပါတယ်။

ARSA အဖွဲ့ဟာ ရုတ်တရက်ပေါ်ပေါက်လာတဲ့ အဖွဲ့မဟုတ်ပါဘူး။ ၁၉၄၈ ခုနှစ် မူဂျာဟစ်သောင်းကျန်းသူတွေကနေ အစပြုလို့ RLP၊ RPF၊ RSO စသည်ဖြင့် အဆင့်ဆင့်အသွင်ပြောင်းလာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်မှာ Aqa Mul Mujahidin (AMM) အမည်နဲ့ စတင်လှုပ်ရှားခဲ့ကာ နောက်ပိုင်းမှာ ARSA အဖြစ် အမည်ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ သူတို့ရဲ့ ရည်မှန်းချက်က ရှင်းလင်းပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်ဒေသတွေကို မြန်မာ့မြေပုံပေါ်ကနေ ဖဲ့ထုတ်ပြီး အာကစ္စတန် (Arkistan) ဆိုတဲ့ နိုင်ငံသစ်ထူထောင်ဖို့ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့အတွက် သူတို့ဟာ ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နိုင်ငံ စတဲ့နိုင်ငံတွေက အစွန်းရောက်အဖွဲ့အစည်းတွေဆီက ငွေကြေးနဲ့နည်းပညာအထောက်အပံ့တွေ ရယူခဲ့ကြပါတယ်၊ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ သူတို့မှာ ရက်စက်ကြမ်းကြုတ်တဲ့ အဆင့် (၄) ဆင့်ပါ စီမံကိန်းကြီးရှိခဲ့ပါတယ်။

**ပထမအဆင့်အနေနဲ့ အစိုးရဌာနဆိုင်ရာနဲ့ဆက်နွှယ်နေတဲ့ ဘင်္ဂါလီတွေကို သစ္စာဖောက်အဖြစ် သတ်မှတ်ပြီး လုပ်ကြံသတ်ဖြတ်မယ်။ ဒုတိယအဆင့်ကတော့ ARSA အဖွဲ့ရဲ့ အမိန့်ကိုမနာခံတဲ့ ဘင်္ဂါလီတွေကို သတ်ဖြတ်မယ်။ တတိယအဆင့်အဖြစ် ဒေသခံတိုင်းရင်းသား (ရခိုင်၊ မြို၊ ဒိုင်းနက်) တွေကို သတ်ဖြတ်ပြီး နေရပ်စွန့်ခွာထွက်ပြေးအောင်လုပ်မယ်၊ နောက်ဆုံးစတုတ္ထအဆင့်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ စခန်းတွေကို ဝင်တိုက်ပြီး နယ်မြေသိမ်းပိုက်မယ်။ ဒါဟာ နိုင်ငံရေးအရတောင်းဆိုမှု မဟုတ်ပါဘူး။ အကြမ်းဖက်ဝါဒ (Terrorism) သက်သက်ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းမြင်ရမှာဖြစ်ပါတယ်။**

ARSA က ဘာတွေလုပ်ခဲ့သလဲဆိုတာကြည့်မယ်ဆိုရင် ARSA အဖွဲ့ဟာ သာမန်ဘင်္ဂါလီအရပ်သားတွေ မဟုတ်ပါဘူး။ ၂၀၁၆ ခုနှစ်အောက်တိုဘာလ ၉ ရက်နေ့ နံနက် ၁ နာရီ ၃၀ မိနစ်အချိန်က ဟာဘစ်တူဟာရ်ဦးစီးတဲ့ အကြမ်းဖက်အဖွဲ့ဟာ မောင်တောဒေသမှာရှိတဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲစခန်းနဲ့ ငါးခူရနယ်မြေရုံးတွေကို အလစ်အငိုက်တစ်ပြိုင်နက်တည်း ဝင်ရောက်စီးနင်းခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦးကျဆုံးခဲ့ရပြီး ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနဲ့ အရပ်သား တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ အစိုးရ ရဲတပ်ဖွဲ့ဘက်က လက်နက်မျိုးစုံ ၆၇ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လုံ့စွပ် ၄၇ ချောင်းနဲ့ ကျည်အိမ် ၁၆၄ ခုအထိ အကြမ်းဖက်သမားတွေလက်ထဲသို့ ရောက်ရှိသွားခဲ့ရပါတယ်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ စာရင်းတွေအရ ARSA အကြမ်းဖက်သမားတွေအနေနဲ့ အစိုးရသတင်းပေးလို့စွပ်စွဲပြီး အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခြင်း၊ နေအိမ်တွေကို မီးရှို့ခြင်းတွေပြုလုပ်ခဲ့လို့ ကျေးရွာပေါင်း ၁၇ ရွာက အဆောက်အအုံ ၈၆၃ လုံး မီးလောင်ပျက်စီးခဲ့ရပါတယ်။ အဲဒီကာလအတွင်းမှာပဲ သူတို့ရဲ့ လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူ ၁၈ ဦးသေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့တယ်။ ဒီအချက်တွေကို ကြည့်မယ်ဆိုရင် ARSA အဖွဲ့ဟာ လူ့အခွင့်အရေးလှုပ်ရှားတာမဟုတ်ဘဲ အပြစ်မဲ့ပြည်သူတွေကို ဒုက္ခပေးနေတဲ့ အကြမ်းဖက်အဖွဲ့သက်သက်ဖြစ်တယ်ဆိုတာ ထင်ရှားစေပါတယ်။

ဒါက အစပျိုးရုံပဲ ရှိပါသေးတယ်။ ပိုပြီးကြီးမားတဲ့ စစ်ဆင်ရေးကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ မနက် ၁ နာရီလောက်အချိန်မှာ ARSA အစွန်းရောက် အင်အား ၄၀၀၀ ကျော်ကနေ ၁၀၀၀၀ လောက်အထိ စုရုံးပြီး မောင်တော၊ ဘူးသီးတောင်ဒေသတွေမှာရှိတဲ့ ရဲကင်းစခန်းပေါင်း ၃၀ နဲ့ တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း (Simultaneous Attacks) ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။

ဒါဟာ ရိုးရိုးတိုက်ခိုက်မှုမဟုတ်ပါဘူး။ အင်အားရာနဲ့ချီအသုံးပြုပြီး စနစ်တကျစီစဉ်ထားတဲ့ စစ်ဆင်ရေးတစ်ခုပါ။ အဲဒီအချိန်ကတည်းက သူတို့ဟာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးပြီး အကြမ်းဖက်ဝါဒကို အစပျိုးနေပြီဆိုတာ ထင်ရှားခဲ့ပါတယ်၊ အဲဒီနေ့ တစ်ရက်တည်းမှာတင်တိုက်ပွဲ ၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦး ကျဆုံးခဲ့ရသလို လက်နက်ခြောက်လက် ဆုံးရှုံးခဲ့ရပါတယ်။ ဒ့ါအပြင် သူတို့ဟာ ကားလမ်းတွေမှာ မိုင်းထောင်တာ၊ တံတားတွေကို ဖောက်ခွဲတာတွေကိုပါ လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံတကာအနေနဲ့ စဉ်းစားကြည့်စေချင်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ရဲစခန်း ၃၀ ကို လက်နက်ကိုင်အင်အားထောင်ချီက တစ်ပြိုင်နက်တည်း ဝင်တိုက်ရင် ဘယ်အစိုးရကငြိမ်နေမှာပါလဲ။ ဒီလိုအခြေအနေမျိုးမှာ မြန်မာအစိုးရအနေနဲ့ Counter-Terrorism Operation မလုပ်ဘဲ လက်ပိုက်ကြည့်နေလို့ရပ့ါမလား။ ဒါဟာ လူ့အခွင့်အရေးတောင်းဆိုမှုလား၊ ဒါမှမဟုတ် အကြမ်းဖက်ကျူးကျော်မှုလားဆိုတာ ကွဲကွဲပြားပြားသိမြင်ဖို့လိုပါတယ်။

**❖ ARSA ရဲ့ လုပ်ရပ်တွေမှာ အဆိုးရွားဆုံးကတော့ လူမျိုးရေးမုန်းတီးမှုအပေါ်အခြေခံတဲ့ သတ်ဖြတ်မှုတွေပါပဲ။ ARSA ဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုသာတိုက်ခိုက်တာမဟုတ်ဘဲ ဒေသခံတိုင်းရင်းသားတွေနဲ့ဟိန္ဒူဘာသာဝင်တွေကိုပါ ပစ်မှတ်ထားသတ်ဖြတ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ မနက်ပိုင်းမှာ ARSA အကြမ်းဖက်သမားတွေဟာ ရဲဘောက်ကျကျေးရွာက ဟိန္ဒူဘာသာဝင် ၅၂ ဦးနဲ့ ခမောင်းဆိပ်(တောင်) ရွာက ၅၃ ဦး စုစုပေါင်း ၁၀၅ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။ အဲဒီအထဲက ဟိန္ဒူဘာသာဝင် ၄၅ ဦးကို ရက်ရက်စက်စက်လည်လှီးသတ်ဖြတ်ပြီး ကျင်းတစ်ခုထဲမှာ မြှုပ်နှံခဲ့တာကို ပြန်လည်တူးဖော်တွေ့ရှိခဲ့ရပါတယ် . . .**

ဟာဘစ်တူဟာရ်အဖွဲ့ဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်ရုံမကပါဘူး။ လူမှုကွန်ရက်တွေကတစ်ဆင့် ဝါဒဖြန့်ဗီဒီယိုဖိုင် ၁၀ ကြိမ်လောက်ထုတ်လွှင့်ပြီး အစွန်းရောက်လှုံ့ဆော်မှုတွေပြုလုပ်ခဲ့ပါတယ်။ သူ့ရဲ့ဗီဒီယိုဖိုင်တွေမှာဆိုရင် **"အာရကန်ဒေသမှာ အစ္စလာမ်ဘာသာတစ်မျိုးတည်းသာရှိရမယ်"**လို့ ကြွေးကြော်ခဲ့သလို **"ဘာသာခြားတွေကို လာသတ်ကြ၊ ဂျီဟတ်လုပ်ကြ၊ အားလုံးထွက်လာကြ"**လို့ အတိအလင်းလှုံ့ဆော်ခဲ့ပါတယ်။ သူတို့ကိုယ်တိုင် ရခိုင်ကျေးရွာတွေကိုမီးရှို့ဖျက်ဆီးပြီး ဘင်္ဂါလီဘာသာစကားနဲ့ပြောဆိုအမိန့်ပေးနေတဲ့ ဗီဒီယိုဖိုင်တွေ လူမှုကွန်ရက်တွေမှာ မြန်မာလို၊ အင်္ဂလိပ်လို ဘာသာစကားတွေနဲ့ပျံ့နှံ့နေတာဟာ ငြင်းလို့မရတဲ့ သူတို့ရဲ့အကြမ်းဖက်လုပ်ရပ်တွေပဲဖြစ်ပါတယ်။**စာမျက်နှာ ၁၀ သို့ ⊃**

လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲဂုဏ်ပြုဆောင်းပါး

# လက်ဆင့်ကမ်းအမွေ တိုးတက်စေ

ဇော်လွင်ဦး(67P)

မြောက်ပြန်လေသွေး၊ အအေးခေတ်ကဲလာသည့် ဇန်နဝါရီလသည် မြန်မာပြည်အလယ်ပိုင်းရှိ မိတ္ထီလာမြို့လေးကို ငွေနှင်းမှုန်တို့ဖြင့်ခြုံလွှမ်းကာ အေးချမ်းသာယာသော ပန်းချီကားတစ်ချပ်အဖြစ် ဖန်တီးနေသည့်အလားပင်။ နှစ်တစ်နှစ်၏အစဦးဖြစ်သော ဇန်နဝါရီလတွင် မိတ္ထီလာကန်ကြီးမှ တိုက်ခတ်လာသော လေအေးစိမ့်စိမ့်တို့သည် နံနက်ဝေလီဝေလင်းအချိန်တွင် မိတ္ထီလာကန်ရေပြင်ထက်၌ မြူနှင်းခိုးများ တအိအိတက်နေသည်။ လေတပ်စခန်း ဌာနချုပ်တည်ရှိရာနယ်မြေဖြစ်သည်နှင့်အညီ အအေးခေတ်ကြားမှ ပျံတက်သွားသော လေ့ကျင့်ရေးလေယာဉ်များ၏ အင်ဂျင်သံသည် မိတ္ထီလာ၏ အေးချမ်းသော ဆောင်းနံနက်ခင်းကို နိုးကြားတက်ကြွစေသည့် ထူးခြားသောသင်္ကေတတစ်ခုပင် ဖြစ်ပါတော့သည်။

အချိန်ကား ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက် အေးချမ်းလှသည့် အညာဒေသဆောင်းနံနက်ခင်း၏ မနက်စာကောက်ညှင်းပေါင်းနဲ့ပဲပြုတ်ဆီဆမ်းနဲ့ အကြော်တို့ကိုရေနွေးကြမ်းနှင့် လွေးပြီးသကာလ အိမ်သူသက်ထား ဇနီးမယားကိုလည်း ကော်ဖီပူလေးတစ်ခွက်လာပို့ပေးဦးဟု အော်ပြောလိုက်ရင်း မြဝတီနေ့စဉ်သတင်းစာကို ယူဖတ်မိလေသည်။ သတင်းများကို ဟိုဒီလှန်လှောကြည့်စဉ် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ သတင်းအား စိတ်ပါဝင်စားစွာ ဖတ်မိလေသည်။ ထိုစဉ် မြေးဖြစ်သူမောင်ဘုန်းမြတ်ဇော်က

"ဖိုးဖိုး ဘာတွေ စိတ်ဝင်တစားဖတ်နေတာလဲ"ဟု လာမေးလေသည်။

"လေယာဉ်မောင်းသင်တန်းဆင်းတဲ့ သတင်းကိုဖတ်နေတာလေ မြေးလေး"

"ဟုတ်လား.."

မြေးဖြစ်သူမှာ မိတ္ထီလာမြို့ ကောင်းကင်ယံတွင် ပျံဝဲနေသော လေယာဉ်၊ ရဟတ်ယာဉ်များကို မကြာခဏမြင်တွေ့နေရသူမို့ လေယာဉ်ပျံသန်းမှု အကြောင်းများကို စိတ်ဝင်တစားရှိလှသည်။

"ဒါဆို… ဖိုးဖိုးသိတဲ့အကြောင်းတွေသားကိုပြောပြဦးလေ"

"အေး အေး.. ပြောပြမယ်"

"သွား.. မင်းဖွားဖွားဆီက ကော်ဖီခွက်သွားယူချေဦး"

မြေးဖြစ်သူကို ဘယ်ကစပြီးပြောရမလဲ စဉ်းစားရင်း စာရေးသူ၏ သောတနားဝယ်

"လေယာဉ်မောင်းပညာ နိုင်ငံတကာအဆင့်မီ အောင်မြင်စွာတတ်မြောက်ခဲ့ပြီ.."

"လေသူရဲရင်မှာ ရွှေတောင်ပံဝင့်ချီမြန်မာပြည်ကိုကာကွယ်မည်"ဟူသည့် စစ်ချီတေးစာသားရောက်လာပြီး တပ်မတော်(လေ)အတွက်လေသူရဲများ ခေတ်အဆက်ဆက် လေ့ကျင့်မွေးထုတ်ကာ ပျံသန်းမှုအတတ်ပညာများ လက်ဆင့်ကမ်းခဲ့သည့် ပုံရိပ်များနှင့်အမိမြန်မာပြည်ကို ဝေဟင်မှ ကာကွယ်ပေးခဲ့သည့်အကြောင်းအရာများကို ပြောပြရန်စိတ်ကူးမိလေတော့သည်။

၁၉၁၉ ခုနှစ်တွင် ဗြိတိန်မှ ဩစတြေးလျသို့ ပထမဦးဆုံး လေယာဉ်ပျံသန်းမောင်းနှင်မှု ပြိုင်ပွဲတွင် ဩစတြေးလျနိုင်ငံသား လေယာဉ်မှူးတို့မောင်းနှင်ခဲ့သည့် Vickers Vimy အမျိုးအစား လေယာဉ်ဖြင့် စစ်တွေမြို့နှင့် ရန်ကုန်မြို့တို့တွင် ဆင်းသက်ပျံသန်းမှုသည် မြန်မာ့ဝေဟင်တွင် အစောဆုံးပျံသန်းခဲ့သည့် ပျံသန်းမှုပင်ဖြစ်သည်ဟု မှတ်သားခဲ့ရဖူးသည်။ လေယာဉ်ပျံသန်းမှုအတတ်ပညာများသည်ကား ၁၉၃၄ ခုနှစ် ဧပြီလရောက်မှသာရန်ကုန်မြို့၌ ရန်ကုန်လေယာဉ်မောင်းသင်ကျောင်း (Rangoon Flying School) ကို Gipsy Moth လေယာဉ်နှစ်စင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သည်။



၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၁၉ ရက်တွင် ဗမာ့အပျော်တမ်းလေတပ်ဖွဲ့ (Burma Volunteer Air Unit – BVAU) အမည်ဖြင့် ပထမဆုံးဖွဲ့စည်းနိုင်ခဲ့သည်။ ဗမာ့အပျော်တမ်းလေတပ်ဖွဲ့အဖြစ် ပီပြင်စွာပေါ်ပေါက်လာရန် စတင်ကြိုးပမ်းခဲ့ကြပြီး ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလအတွင်း၌ Tiger Moth လေယာဉ်ငါးစင်းသည် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သည်။ ၁၉၄၁ ခုနှစ် ဧပြီလ ၄ ရက်တွင် မြန်မာနိုင်ငံ ဗြိတိသျှအစိုးရကာကွယ်ရေးဌာနက ဗမာ့အပျော်တမ်းလေတပ်ဖွဲ့ (BVAU)ကို ဗမာ့အပျော်တမ်းလေတပ် (Burma Volunteer Air Force – BVAF) အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ဗမာ့အပျော်တမ်းလေတပ် (Burma Volunteer Air Force – BVAF) အဖြစ်သို့ ဖွဲ့စည်းခဲ့ပြီး ပထမဆုံးလေယာဉ်မောင်းသင်တန်းအတွက်လေယာဉ်များ၊ သင်တန်းဆရာများနှင့်လေသူရဲလောင်းများကိုစတင်စုဆောင်းခဲ့သည်။ ဘုရင့်လေတပ်မတော်မှ ရောက်ရှိလာကြသော လေယာဉ်မောင်းနည်းပြဆရာနှစ်ဦးတို့အပြင် အရပ်ဘက်လေကြောင်းပညာအသင်းမှ လေယာဉ်မောင်းနည်းပြဆရာတစ်ဦးနှင့် စက်မှုလက်မှုတာဝန်ခံတစ်ဦးတို့အား သင်တန်းဆရာများအဖြစ်ခန့်အပ်ခဲ့သည်။ ထိုသို့စုဆောင်းပြီး သင်တန်းစတင်ရန်အတွက် လေသူရဲလောင်းများကို ရွေးချယ်ခဲ့ကြသည်။

၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်တွင် ပထမဆုံးလေယာဉ်မောင်းသင်တန်းအတွက် သင်တန်းသား ၁၂ ဦးကို ရွေးချယ်ခဲ့ပြီး စုစုပေါင်းကိုးဦးသာ အောင်မြင်ခဲ့သည်။ ၎င်းကိုးဦးအနက် မြန်မာငါးဦးပါဝင်ခဲ့ပြီး ဒုတိယဗိုလ်တီကလစ်၊ ဒုတိယဗိုလ်ဆဲလ်ဝင်းခင်၊ ဒုတိယဗိုလ်ကျော်သာ၊ ဒုတိယဗိုလ်ကျော်ထွန်းနှင့် ဒုတိယဗိုလ်လှရီတို့ ဖြစ်ကြသည်။ ထို့နောက် အထက်တန်းလေယာဉ်မောင်းသင်တန်းအား အိန္ဒိယနိုင်ငံ Ambala မြို့တွင်လည်းကောင်း၊ စစ်ဆင်ရေးလွှဲပြောင်းသင်တန်းအား နယူးဇီလန်ကျွန်းတွင်လည်းကောင်း ဆက်လက်တက်ရောက်ခဲ့ကြသည်။

၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်တွင် ဒုတိယအကြိမ် လေယာဉ်မောင်းသင်တန်း ဖွင့်လှစ်ပို့ချခဲ့ရာ မြန်မာလူမျိုးများအနက်မှ သင်တန်းအောင်မြင်ကြသူများမှာ ဒုတိယဗိုလ်စောရှီးရှိုး၊ ဒုတိယဗိုလ်ထွန်းသာ၊ ဒုတိယဗိုလ်ပီအေးချိုနှင့် ဒုတိယဗိုလ်အောင်ညွှန့်တို့ဖြစ်သည်။

စင်စစ်မူကား ဗြိတိသျှတို့သည် ၎င်းတို့၏ စစ်ရေးကိစ္စရပ်များတွင် အသုံးပြုနိုင်မည့် လေသူရဲများအဖြစ် တာဝန်ပေးနိုင်ရန်အတွက် ဗမာ့အပျော်တမ်းလေတပ်တွင် မြန်မာလူမျိုးများအား ထည့်သွင်း၍ ပါဝင်ခွင့်ပြုပေးခဲ့ခြင်းလည်းဖြစ်သည်။ ထိုနည်းတူစွာပင် မြန်မာတို့အနေဖြင့်လည်း လေကြောင်းပညာရပ်၌ မြန်မာလူမျိုးများအတွက် လမ်းဖွင့်ပေးသည့်အသွင်မျိုးဖြစ်နေသဖြင့် လက်ခံခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် မြန်မာလူမျိုးများအနက်မှ ဒုတိယဗိုလ်တီကလစ်၊ ဒုတိယဗိုလ်ဆဲလ်ဝင်းခင်နှင့် ဒုတိယဗိုလ်လှရီတို့အား ဘုရင့်လေတပ်မတော်အမှတ်(၂၅၇)အုပ်သို့ နေရာချထားပြီး ဘုရင့်လေတပ်နှင့်အတူ ဥရောပစစ်မျက်နှာတွင် တိုက်ခိုက်ရေးလေသူရဲများအဖြစ် တိုက်ပွဲဝင်ခဲ့ရသည်။

ဥရောပစစ်မျက်နှာတွင် ဂျာမန်နှင့် ဗြိတိသျှတို့၏ လေကြောင်းတိုက်ပွဲများတွင် ပါဝင်တိုက်ပွဲဝင်ခဲ့ကြခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာလေသူရဲတို့၏ အရည်အချင်းမည်မျှရှိသည်ကို ခန့်မှန်းနိုင်သည်။ မြန်မာလေသူရဲတို့၏ လေကြောင်းအတတ်ပညာခရီးအစသည် ခက်ခဲကြမ်းတမ်းခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သောအတွေ့အကြုံများနှင့် လေယာဉ်မောင်းအတတ်ပညာတို့ကို အနာဂတ်တပ်မတော်(လေ)အတွက် ရရှိခဲ့ကြသည်။

အနာဂတ်မြန်မာနိုင်ငံ အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေးရပြီးသည့်အချိန်၌ ဖွဲ့စည်းရန် ရည်ရွယ်ထားသည့် တပ်မတော်(လေ)၏ အမြုတေများအဖြစ် ဂျပန်သို့ လေကြောင်းပညာသင်များ စေလွှတ်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရဲဘော်သောင်းဒန်၊ ရဲဘော်ကျော်ဇော၊ ရဲဘော်အောင်မြတ်၊ ရဲဘော်စိုးလှိုင်၊ ရဲဘော်တင်မောင်၊ ရဲဘော်ချစ်ခင်၊ ရဲဘော်ညဏ်မောင်၊ ရဲဘော်အေးမောင်၊ ရဲဘော်အေးလှိုင်နှင့် ရဲဘော်ထွန်းသန်းတို့ဖြစ်ကြသည်။

၁၉၄၄ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ဂျပန်ကြည်းတပ်မတော် လေယာဉ်မောင်းသင်ကျောင်း (Army Air Force Academy) သို့ လေသူရဲလောင်းများအဖြစ် စတင်တက်ရောက်ကြရသည်။ စုစုပေါင်းပျံသန်းချိန် နာရီ ၆၀ ရရှိပြီးသည့်နောက် တန်းမြင့်လေသူရဲသင်တန်းအား Osaka နှင့် Shikoku တို့၌ ဆက်လက်လေ့ကျင့်သင်ကြားခဲ့သည်။ တိုက်ပွဲဝင်လေသူရဲအဆင့်ကို သင်ကြားရခြင်းဖြစ်သဖြင့် လေ့ကျင့်ခန်းများသည်ပိုမိုခက်ခဲ၍ကြိုးပမ်းလေ့ကျင့်ခဲ့ကြရသည်။ လေကြောင်းစစ်ဆင်ရေးအခြေခံပညာများအဖြစ် လေယာဉ်များအုပ်ဖွဲ့ပျံသန်းခြင်း၊ ကျွမ်းထိုးခြင်းနှင့် ဝေဟင်–မြေပြင်တိုက်ခိုက်ခြင်း၊ ဝေဟင်–ဝေဟင်တိုက်ခိုက်ခြင်း စသည်တို့ကို သင်ကြားခဲ့ကြရပြီး စစ်မြေပြင်၌လည်း ဝေဟင်တွင်းစီးချင်းထိုးတိုက်ခိုက်ခြင်းနှင့် အုပ်ဖွဲ့လိုက်ပျံသန်းတိုက်ခိုက်ခြင်းတို့ကို လေ့ကျင့်ခဲ့ကြရလေသည်။ ထိုအချိန်၌ ဂျပန်တို့သည် မဟာမိတ်တပ်များ၏ထိုးစစ်ကို အပြင်းအထန်ခံနေရချိန်ဖြစ်သည်။ မြန်မာပြည်၌လည်း ဖက်ဆစ်ဂျပန်တို့အား တော်လှန်နေချိန်ဖြစ်ပေသည်။ အမေရိကန်တပ်များ ဂျပန်ကိုသိမ်းပိုက်ခဲ့သည့်အချိန်၌ ဂျပန်ရှိ မြန်မာလူမျိုးစစ်ဘက်နှင့် အရပ်ဘက် ပညာတော်သင်အားလုံးတို့သည် မြန်မာစစ်သံမှူး ဒုတိယဗိုလ်မှူးကြီးစကြာ၏ ကွပ်ကဲမှုအောက်၌ စုဖွဲ့ခဲ့ကြပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ထို့ကြောင့် ဗမာ့အပျော်တမ်းလေတပ်တွင် ယခင်ဗြိတိသျှတို့ ဖွင့်လှစ်သင်ကြားပြီးဖြစ်သည့် လေယာဉ်မောင်းသင်တန်းနှစ်ခုမှ လေသူရဲများနှင့် ဂျပန်ပညာတော်သင်လေသူရဲများအတန်အသင့်ရှိလာပြီဖြစ်သည်။

အောင်ဆန်း – အက်တလီစာချုပ်လက်မှတ်ရေးထိုးပြီး၍ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်မှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသောအခါ၌ အနာဂတ်ဗမာ့လေတပ်မတော် ဖွဲ့စည်းရေးအတွက် ပြင်ဆင်မှုများဆက်လက်ပြုလုပ်ခဲ့သည်။ ဗမာ့အပျော်တမ်းလေတပ်ကို ဗမာ့လေတပ်မတော် (Burma Air Force – BAF) အဖြစ် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့စွဲဖြင့် မြန်မာနိုင်ငံအစိုးရကာကွယ်ရေးဌာနမှ ထုတ်ပြန်ကြေညာသော အမိန့်စာအမှတ်(၄၀၉)အရ ပြောင်းလဲ၍ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန် ခေတ်မီပြီးစွမ်းရည်ထက်မြက်သော တပ်မတော်(လေ)တစ်ရပ်ရှိနေခြင်းက နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်ပေသည်။

**လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော တပ်မတော်(လေ)သည် မိမိတို့တွင်ရှိသည့် လေယာဉ်လေသူရဲအင်အားဖြင့် ရောင်စုံသူပုန်တို့အား တိုက်ခိုက်ရာတွင် ဗမာ့တပ်မတော်အတွက် လေကြောင်းမှ အကူအညီများပေးခဲ့ကြသည်။ သို့သော် အကူအညီပေးနိုင်လောက်သည်အထိ လူ၊ လေယာဉ်၊ လက်နက်၊ ခဲယမ်း စသဖြင့် ပြည့်စုံစွာမရှိခဲ့သော်လည်း နိုင်ငံတော်အတွက်ရှိသည့် ပစ္စည်းများဖြင့် တီထွင်ကြံဆ၍ ဆောင်ရွက်ပေးခဲ့ကြသည်။ Oxford လေယာဉ်အချို့ရှိသော်လည်း**

**စာမျက်နှာ ၁၃ သို့** ○

○ စာမျက်နှာ ၁၂ မှအဆက်

**လေယာဉ်မောင်းသင်တန်း၌ အသုံးပြုလျက်ရှိနေကြသည်။ Tiger Moth နှင့် အမောင်းသင်လေယာဉ်မဟုတ်သော Auster လေယာဉ်များဖြင့် အချိန်မရွေးတိုက်ပွဲဝင်နိုင်ရေး အမြဲအသင့်ပြင်ဆင်နေကြရသည်။ တိုက်ပွဲဝင်လေယာဉ်များမဟုတ်သည့်အတွက် ပစ်ကူပေးခြင်း၊ ဗုံးချခြင်းတို့ ပြုလုပ်နိုင်ရေးအတွက် တီထွင်ကြံဆပြီး တိုက်ပွဲဝင်နေကြရသည်။ ခဘတ်တိုင်များကိုဖြတ်၍ ယမ်းများဖြည့်သိပ်ကာ ဗုံးအဖြစ် အသုံးပြုကြရသည်။ ပျံသန်းမှုနှုန်းနှေးသည့် လေယာဉ်များဖြစ်သည့်အတွက် မြေပြင်မှရန်သူ၏ ပြန်လည်ပစ်ခတ်မှုကိုလည်း အထူးဂရုပြုဆောင်ရွက်ခဲ့ရသည်။ လေယာဉ်သေနတ်သမားများမှာလည်း လေယာဉ်ဖြင့်လိုက်ပါ၍ သေနတ်ပစ်ခတ်ခြင်းတာဝန်ကို ထမ်းဆောင်ရန် သီးသန့်ဖွဲ့စည်းထားသူများမဟုတ်ကြပေ။ သို့သော် Auster လေယာဉ်များကိုအသုံးပြုသည့် စစ်ဆင်ရေးမှာလည်း ထိရောက်မှုမရှိလှသဖြင့် နောက်ဆုံး၌ Oxford လေယာဉ်များအား လေယာဉ်မောင်းသင်တန်းများမှ ရပ်ဆိုင်းပြီး အသုံးပြုခဲ့ကြရသည်။ ဤအချိန်က စစ်ဆင်ရေးတာဝန်ကိုထမ်းဆောင်ကြရသော လေသူရဲများမှာ စစ်ဆင်ရေးလွှဲပြောင်းသင်တန်းများကို စနစ်တကျတက်ရောက်သင်ကြားထားခြင်း မရှိခဲ့ကြပါ။ တိုင်းပြည်၏တာဝန်ကို ထမ်းဆောင်ရန် လေသူရဲများအရေးတကြီးလိုအပ်နေချိန်ဖြစ်၍ တစ်ဦးချင်းမောင်းနှင်နိုင်သည်နှင့် တစ်ပြိုင်နက် စစ်ဆင်ရေးတာဝန်ကို ထမ်းဆောင်ကြရခြင်းဖြစ်သည်။ Spitfire တိုက်လေယာဉ်သုံးစင်းရောက်ရှိလာသောအခါ၌ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးတွင် လေကြောင်းပစ်အားအကူကို ထိရောက်စွာပေးနိုင်ခဲ့ကြသည်။ Oxford လေယာဉ်များ၏ ပစ်ခတ်နိုင်မှုစွမ်းအားကိုလည်း အစွမ်းကုန်အသုံးချခဲ့ကြသည်။**

ထို့ကြောင့် တပ်မတော်(လေ)၏ သမိုင်းအစသည် "တိုက်ရင်းလေ့ကျင့်" ဟူသကဲ့သို့ လေယာဉ်ပျံသန်းမှုအတတ်ပညာများကို အခက်အခဲများကြားမှ ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် လေတပ်သားမှသည် လေတပ်ဦးစီးချုပ်အထိ အသက်ကိုပဓာနမထားဘဲ ထမ်းဆောင်ခဲ့ကြသည်။ ထိုသို့ထမ်းဆောင်လျက် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ခဲ့ရသော လေသူရဲ၊ လေယာဉ်သားများလည်းရှိသကဲ့သို့ ထိုစဉ်က အရေအတွက်အများအပြားရှိသော Oxford လေယာဉ်များ၌ ဒုံးကျည်စမ်းသပ်ပစ်ခတ်လျက် လေယာဉ်နှင့်အတူ လေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီးသူရအက်စ်ခင်လည်း ကျဆုံးခဲ့ရသည်။

၁၉၅၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်တွင် မြန်မာ့တပ်မတော်(လေ)အတွက် အရည်အချင်း၊ အရည်အသွေးပြည့်ဝသော လေသူရဲများ မွေးထုတ်ပေးနိုင်ရန် လေယာဉ်မောင်းသင်ကျောင်းအား မင်္ဂလာဒုံလေတပ်စခန်း၌ စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၅၁ ခုနှစ်မှစ၍ တပ်မတော်(လေ)အတွက် လေသူရဲ၊ လေယာဉ်သားနှင့် စက်မှုလက်မှု အရာရှိ စစ်သည်များစွာတို့ ပြည်ပနိုင်ငံအသီးသီးသို့ ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးပညာတော်သင်များ စေလွှတ်ကာ အနာဂတ်တပ်မတော်(လေ)အတွက် မျိုးစေ့ကောင်းများ ဖြစ်လာစေခဲ့သည်။ ယခင် အင်္ဂလန်နှင့် ဂျပန်တို့မှ လေ့ကျင့်သင်ကြားခဲ့ကြရသော လေယာဉ်မောင်းအတတ်ပညာများအပြင် အင်ဒိုနီးရှားလေတပ်သို့ လေသူရဲလောင်းကျော်သိန်းနှင့် လေသူရဲလောင်း စောလှိုင်တို့ကိုလည်း လေယာဉ်မောင်းပညာတော်သင်အဖြစ် စေလွှတ်ခဲ့ကာ သင်တန်းအောင်မြင်ပြီးမြောက်ခဲ့၍ တပ်မတော်(လေ)အတွက် ပြန်တမ်းဝင်လေသူရဲအရာရှိများအဖြစ် ခန့်အပ်ခဲ့ကြသည်။

**လေယာဉ်မောင်းအတတ်ပညာများကို လေတပ်သားတို့အနေဖြင့် လက်ဆင့်ကမ်း၍ သင်ကြားလျက်ပင် မြန်မာ့တပ်မတော်(လေ)၏ လေယာဉ်မောင်းပညာရပ်များနှင့် စက်မှုလက်မှုပညာရပ်ဆိုင်ရာကဏ္ဍများသည် အဆင့်အတန်းမြင့်မားစွာ ပိုင်ဆိုင်လာခဲ့သည်။ မြန်မာ့မြေပေါ်သို့ ကျူးကျော်လာသောရန်သူများအား မြေပြင်တွင်မဆိုထားဘိ၊ ဝေဟင်မှ ကျူးကျော်လာသော တရုတ်ဖြူတို့၏ လေယာဉ်ကိုလည်း ဝေဟင်တွင် လေယာဉ်ချင်း စီးချင်းထိုး၍ တိုက်ပွဲအောင်နိုင်သည်အထိ တပ်မတော်(လေ)၏ လေယာဉ်ပျံသန်းမှုအတတ်ပညာအဆင့်အတန်းမှာ ထိပ်တန်းသို့ရောက်ခဲ့သည်။**

၁၉၅၃ ခုနှစ်တွင် Vampire Mark T-55 အမောင်းသင်ဂျက်လေယာဉ်များနှင့် Bell 47 G ရဟတ်ယာဉ်များ ပိုင်ဆိုင်ခဲ့ပြီး ဂျက်တိုက်လေယာဉ်လေသူရဲများနှင့် ရဟတ်ယာဉ်လေသူရဲများကို တပ်မတော်(လေ)အတွက် လေ့ကျင့်မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် တပ်မတော်(လေ) စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ ဆယ်စုနှစ်တစ်ခု မပြည့်မီမှာပင် ခေတ်မီလေကြောင်းစွမ်းအားများကို စတင်ပိုင်ဆိုင်လာခဲ့ပြီဖြစ်သည်။ အရှေ့တောင်အာရှတွင် ထိပ်တန်းအဆင့်ရှိသည့် လေတပ်ကိုဆောလျင်စွာပိုင်ဆိုင်နိုင်ခဲ့သည်ဟုဆိုလျှင်ကား မှားအံ့မထင်။

လေယာဉ်မောင်းအတတ်ပညာများကို လေတပ်သားတို့အနေဖြင့် လက်ဆင့်ကမ်း၍ သင်ကြားလျက်ပင်မြန်မာ့တပ်မတော်(လေ)၏ လေယာဉ်မောင်းပညာရပ်များနှင့် စက်မှုလက်မှုပညာရပ်ဆိုင်ရာကဏ္ဍများသည် အဆင့်အတန်းမြင့်မားစွာ ပိုင်ဆိုင်လာခဲ့သည်။ မြန်မာ့မြေပေါ်သို့ ကျူးကျော်လာသော ရန်သူများအား မြေပြင်တွင်မဆိုထားဘိ၊ ဝေဟင်မှကျူးကျော်လာသော တရုတ်ဖြူတို့၏ လေယာဉ်ကိုလည်း ဝေဟင်တွင် လေယာဉ်ချင်းစီးချင်းထိုး၍ တိုက်ပွဲအောင်နိုင်သည်အထိ တပ်မတော်(လေ)၏ လေယာဉ်ပျံသန်းမှုအတတ်ပညာအဆင့်အတန်းမှာ ထိပ်တန်းသို့ရောက်ခဲ့သည်။

ထို့ပြင် စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်စစ်ဆင်ရေး၊ ဘိန်းစစ်ဆင်ရေး၊ သဘာဝဘေးပြန်လည်ကယ်ဆယ်ရေးများ၊ အဓိကပုဂ္ဂိုလ်နှင့် သယ်ယူပို့ဆောင်ခြင်းကိစ္စရပ်များကိုလည်း လေတပ်သားတို့ နေ့မအား ညမအား စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ လေကြောင်းစွမ်းအား၏အရေးပါမှုနှင့်အတူ ခေတ်အဆက်ဆက်တပ်မတော်အကြီးအကဲများသည် ခေတ်မီ၍ စွမ်းရည်ထက်မြက်သော တပ်မတော်(လေ)ပေါ်ထွန်းလာရေးအတွက် လူ၊ လက်နက်၊ လေယာဉ်၊ စက်ပစ္စည်းစသည်တို့ကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးခဲ့သည်။ `

မျက်မှောက်ကာလ အမျိုးမျိုးသောခြိမ်းခြောက်စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်နိုင်ရန်တပ်မတော်(လေ)အား စတုတ္ထမျိုးဆက်လွန်ဂျက်တိုက်လေယာဉ်များ၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် ခေတ်မီအစွမ်းထက်ပြီး အင်အားတောင့်တင်းသော လေတပ်တစ်ခုအဖြစ် တိုးချဲ့တည်ဆောက်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရာတွင်လည်း အမျိုးသားများနည်းတူ အမျိုးသမီးလေသူရဲများကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် အနာဂတ်တွင် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ လေကြောင်းပညာရပ်များတွင် စိတ်ပါဝင်စားလာစေရန်အတွက် လေကြောင်းလူငယ်သင်တန်းများနှစ်စဉ်ဖွင့်လှစ်ပေးခြင်းဖြင့်လည်း လေကြောင်းပညာများအား မျိုးစေ့ချပေးလျက်ရှိသည်။

လက်ဆင့်ကမ်းအမွေဟူသည် ရယူရုံသက်သက်မဟုတ်ဘဲ ပိုမိုတိုးတက်တောက်ပအောင်လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားလည်းပါဝင်သည်။ နည်းပညာများတစ်ဟုန်ထိုးတိုးတက်နေသော ယနေ့ခေတ်ကာလတွင် ရှေးကရှိခဲ့သော ရဲစွမ်းသတ္တိနှင့် စည်းကမ်းကောင်းမွန်မှုများကိုအခြေခံကာ ခေတ်မီလေကြောင်းလက်နက်စနစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်နိုင်ခြင်းဖြင့် ထိုအမွေကို အဆင့်မြှင့်တင်ကြရမည်ဖြစ်သည်။ မိမိတို့ထံရောက်ရှိလာသော အစဉ်အလာကောင်းများကိုမပျောက်ပျက်အောင် ထိန်းသိမ်းပြီး မိမိတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် နောင်လာနောက်သားများအတွက် ပိုမိုခိုင်မာတိုးတက်သော တပ်မတော်(လေ)ကို လက်ဆင့်ကမ်းနိုင်မှသာလျှင် "မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ လက်ဆင့်ကမ်းအမွေ တိုးတက်စေ" ဟူသည့်အတိုင်း လက်တွေ့ကျကျ အသက်ဝင်လာမည်ဖြစ်သည်။

"ဖိုးဖိုး.."

"ဖိုးဖိုး သိတဲ့အကြောင်းတွေ ပြောပြမယ်ဆို" ဟု မြေးဖြစ်သူ၏အသံကို ကြားလိုက်ရတော့မှသာ မြေးဖြစ်သူထံက ကော်ဖီခွက်အားလှမ်းယူရင်း

"ဒီလိုကွယ့်" ဟု အစချီကာ ပြောပြမိတော့သည်။

**"လက်ဆင့်ကမ်းအမွေ တိုးတက်စေ"** ဆောင်းပါးဖြင့် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအား ဂုဏ်ပြုရေးဖွဲ့လိုက်ရပါသည်....။ ။

**လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)**
**ကျောင်းဆင်း တောင်ပံအပ်နှင်းပွဲဂုဏ်ပြုကဗျာ**

## ဆင့်ကမ်းအမွေ ပေးဖြန့်ဝေ အနာဂတ်တွက် တပ်မတော်(လေ)



✦ ကမ္ဘာမြေ အနံ့တုလို့
စံပြုထိုက်သူတွေ။
အာကာဘုံ ကောင်းကင်တွင်းက
စစ်ခင်းလို့နေ။
တိုင်းပြည်တွက် အသက်ပင်သေသေ
ဘေးကင်းစေ ပြည်သူများ။
နေ့ညမဟူ စစ်ဆင်နွှဲ
ရန်စဲစေသား။

✦ အမိမြေရေ ဝေဟင်တစ်လွှား
ဝင့်ဝင့်ကြွား စောင့်ရှောက်နေ။
ရန်သူကို အမြစ်ဖြုတ်
ပြုတ်ပြုတ် ပြုန်းစေ။
ရည်သွေးထက်မြက် တိုးတက်မသွေ
အမျိုးတွက်ပေ မြဲစွန့်စား။
တပ်မတော်(လေ) မျိုးဆက်သစ်
ပြည်ချစ်စစ်သား။

✦ ဆင့်ကမ်းအမွေ ဖြန့်ဝေပေး
မွေးထုတ်ခဲ့ လေသူရဲတွေ။
လေယာဉ်မောင်းနှင် အတတ်သင်ကျောင်းက
စဉ်ဆက်မပြတ်ပေ။
မျိုးဆက်သစ်တို့ အောင်လံတဝေဝေ
ဖူးပွင့်တွေ စုံလင်ကြောင်း။
တပ်မတော်(လေ) အနာဂတ်အတွက်
ဖြည့်စွက်ထပ်လောင်း။

✦ အမိမြန်ပြည် တစ်နံတစ်လျား
ခံ့ညားလို့ ထည်ဝါစေ။
တပ်မတော်(လေ)အုပ်တပ်စုံနေ
လေသူရဲ လေယာဉ်သား စက်မှုမသွေ
တာဝန်တွေ ကိုယ်စီထမ်း။
လေယာဉ် ရဟတ်ယာဉ်စွမ်းပကား
ကျွမ်းထားလို့ တတ်မြောက်နေ
မိုးအောက်မြေ ဝေဟင်တစ်လွှားမှာ
တန်ခိုးတောက်စေ ရွှေစင်အလားသို့
(ကွယ်တို့ရယ်)
စွန့်စားပျံသန်း။ ။

**ရွှေညာမြေမြတ်သင်းကြိုင်**

# တောင်ပံဖြန့်ချီ လေသူရဲစစ်သည်တို့၏ စကားသံများ

တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၇)ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ကျင်းပရာ ကျောင်းဆင်းလေသူရဲများသည် သူတို့၏ဝီရိယအား၊ ရည်မှန်းချက်များဖြင့် အလုသရဖူဆောင်းခဲ့ရသည့်အပြင် ဤကျောင်းတော်ကြီး၏ ရင်နှစ်သည်းချာရတနာများအဖြစ် တောင်ပံဖြန့်ချီ လေသူရဲစစ်သည်များ ၎င်းတို့၏ တာဝန်ရှိသူများ၏ စကားသံများအား ဖော်ပြလိုက်ရပါသည်။



ဒုတိယဗိုလ်မှူးကြီး ဝဏ္ဏထွန်း



ဒုတိယဗိုလ်မှူးကြီး သန်းထိုက်ဦး



ဗိုလ်မှူး တင်မျိုးဝင်း



ဗိုလ် ဇေယျာလင်းမောင်



ဗိုလ် ပိုင်ခန့်ဟိန်း



ဗိုလ် ဘုန်းမင်းသူရိန်

**ဒုတိယဗိုလ်မှူးကြီး ဝဏ္ဏထွန်း (ယာယီတပ်မှူး၊ လေယာဉ်မောင်းသင်ကျောင်း)**

ကျွန်တော်တို့ လေယာဉ်မောင်းသင်ကျောင်းကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်နေ့မှာ မင်္ဂလာဒုံလေတပ်စခန်းမှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။

ယခုလို နိုင်ငံတော်နဲ့တပ်မတော်အတွက် အားကိုးအားထားရတဲ့ လေသူရဲတွေ မွေးထုတ်လေ့ကျင့်ပေးရာမှာ ပထမဦးစွာ လေသူရဲလောင်းတွေကို လေသူရဲတစ်ဦးမှာရှိရမယ့် ကျန်းမာရေးစံသတ်မှတ်ချက်တွေနဲ့ကိုက်ညီမှုရှိ/မရှိ စစ်ဆေးရွေးချယ်ရပါတယ်။ အဲ့လိုရွေးချယ်ပြီးပြီဆိုရင်တော့ အခြေခံလေယာဉ်သားလောင်းသင်တန်းကို သင်ကြားပို့ချပေးပါတယ်။ အခြေခံလေယာဉ်သားလောင်းသင်တန်းတက်ရောက်အောင်မြင်ပြီးသူတွေကိုတော့ အခြေခံလေယာဉ်မောင်းသင်တန်းကို ဆက်လက်သင်ကြားပို့ချပေးပါတယ်။ အဲဒီအဆင့်မှာတော့ သင်တန်းသားတွေဟာ ၁၅ နာရီနဲ့ ၁၈ နာရီ အတွင်းမှာ တစ်ဦးချင်းမောင်းနှင်ပျံသန်းပြနိုင်ရပါမယ်။ သတ်မှတ်နာရီအတွင်းမှာ တစ်ဦးချင်းမောင်းနှင်ပျံသန်းနိုင်ခြင်းမရှိတဲ့ သင်တန်းသားတွေကတော့ သင်တန်းကို ဆက်လက်တက်ရောက်ခွင့်ရမှာမဟုတ်ပါဘူး။ အခြေခံလေယာဉ်မောင်းသင်တန်းအောင်မြင်တဲ့သင်တန်းသားတွေကိုတော့ သင်တန်းသားတစ်ဦးချင်းစီရဲ့ ပျံသန်းရေး၊ စာပေ၊ စိတ်ဓာတ်၊ စည်းကမ်းနဲ့ ကြိုးစားအားထုတ်မှု ရလဒ်တွေအပေါ် မူတည်ပြီး တိုက်ခိုက်ရေးလေသူရဲ၊ သယ်ယူပို့ဆောင်ရေးလေသူရဲနဲ့ ရဟတ်ယာဉ်လေသူရဲများအဖြစ် ရွေးချယ်သတ်မှတ်ပြီး လေယာဉ်မောင်းသင်တန်းရဲ့ အကြိုတန်းမြင့်နဲ့ တန်းမြင့်သင်တန်းအပိုင်းတွေကို ဆက်လက်သင်ကြား ပို့ချပေးပါတယ်။

ကျောင်းဆင်းလေသူရဲတွေကို မှာကြားလိုတာကတော့ ကျောင်းက သင်ကြားပို့ချပေးလိုက်တဲ့ ပျံသန်းရေးနဲ့ စာပေပညာရပ်တွေကို အခြေခံပြီး စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားကြဖို့၊ နိုင်ငံတော်အတွက် အားထားရတဲ့ လေသူရဲကောင်းတွေဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြဖို့၊ နိုင်ငံတော်အတွက် ပေးအပ်လာတဲ့ တာဝန်ဝတ္တရားတွေကို စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ်နဲ့ စွမ်းစွမ်းတမံဆောင်ရွက်သွားကြဖို့နဲ့ တပ်မတော်(လေ)ရဲ့ မြင့်မြတ်တဲ့ ဂုဏ်ဒြပ်နဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ မှာကြားလိုပါတယ်။

**ဒုတိယဗိုလ်မှူးကြီး သန်းထိုက်ဦး (စာပေဌာနမှူး၊ လေယာဉ်မောင်းသင်ကျောင်း)**

လေယာဉ်မောင်းသင်ကျောင်းကို ကနဦးကျောင်းဆင်းရောက်ရှိလာတဲ့ လေသူရဲလောင်းသင်တန်းသားအရာရှိငယ်တွေကို ပထမဦးဆုံး အခြေခံလေယာဉ်သားလောင်းသင်တန်းစတင်တက်ရောက်စေပါတယ်။ အဲဒီသင်တန်းမှာ လေသူရဲတစ်ဦးမဖြစ်မနေသိထားရမယ့်ဘာသာရပ်တွေကိုသင်ကြားပို့ချပြီး အရည်အချင်းစစ်ဆေးပါတယ်။ သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ Airmanship၊ Principles of Flight Meteorology၊ Communication အစရှိတဲ့ ဘာသာရပ်တွေအပြင် အင်္ဂလိပ်စာနဲ့ ကွန်ပျူတာအပါအဝင်ဘာသာရပ်စုစုပေါင်း ၁၂ ခု ဖြစ်ပါတယ်။ အဲဒီနောက် အခြေခံလေယာဉ်မောင်း သင်တန်းအပိုင်းမှာ စာပေဘာသာရပ်များကို အခြေခံလေယာဉ်သားလောင်းသင်တန်းမှာပါဝင်တဲ့ ဘာသာရပ်တွေအပြင် Survival ဘာသာရပ်ကိုပါ ထပ်တိုးသင်ကြားပေးပါတယ်။ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းအပိုင်းမှာတော့ Weapons ဘာသာရပ်ကိုပါ ထပ်တိုးသင်ကြားပေးပြီး နောက်ဆုံးတန်းမြင့် လေယာဉ်မောင်းသင်တန်းအပိုင်းမှာ Air Law Flight Planning Performance Mass & Balance & Operational Procedures ဘာသာရပ်တွေကိုပါ ထပ်မံသင်ကြားပို့ချပေးပါတယ်။ ကျောင်းဆင်းပြီးလို့ သက်ဆိုင်ရာပျံသန်းရေးအုပ်တွေကိုရောက်ရှိတဲ့အခါမှာ ကျောင်းတော်ကသင်ကြားပေးလိုက်တဲ့ ပျံသန်းရေးဆိုင်ရာ စာပေပညာတွေကိုအခြေခံပြီး နိုင်ငံတကာလေကြောင်းဆိုင်ရာ ဗဟုသုတတွေကို ဆက်လက်လေ့လာသွားကြရင်း နိုင်ငံတော်နဲ့တပ်မတော်အတွက် အားကိုးအားထားပြုရတဲ့ လေသူရဲကောင်းများဖြစ်အောင် ကြိုးစားကြပါလို့ မှာကြားလိုပါတယ်ခင်ဗျာ။

**ဗိုလ်မှူး တင်မျိုးဝင်း (ခေတ္တပျံသန်းရေးဌာနမှူး၊ လေယာဉ်မောင်းသင်ကျောင်း)**

ပျံသန်းရေးဆိုင်ရာဘာသာရပ်တွေကို လက်တွေ့သင်ကြားပို့ချရာမှာ အခြေခံလေယာဉ်မောင်းသင်တန်း၊ အကြိုတန်းမြင့်လေယာဉ်မောင်း သင်တန်းနဲ့ တန်းမြင့်လေယာဉ်မောင်းသင်တန်းဆိုပြီး အပိုင်းသုံးပိုင်းခွဲခြားပြီး ပို့ချပေးပါတယ်။ ပျံသန်းရေးသင်ခန်းစာတွေကိုလည်း ကွန်ပျူတာအခြေပြု လေ့ကျင့်သင်ကြားမှုစနစ်နဲ့ သင်ကြားလေ့ကျင့်တာတွေ၊ အမှန်တကယ်ပျံသန်းမှု မဆောင်ရွက်မီမှာ လေယာဉ်တု (Simulator)တွေနဲ့ လေ့ကျင့်သင်ကြားတာတွေဆောင်ရွက်ကြရပါတယ်၊ ပထမဆုံးအကြိမ် တစ်ဦးတည်းပျံသန်းနိုင်ရန်အတွက် ပျံသန်းချိန် ၁၅ နာရီနဲ့ ၁၈ နာရီအတွင်း သတ်မှတ်ပေးထားပြီး တစ်ဦးချင်းမောင်းနှင်ပျံသန်းခြင်း(Solo Flight)ကို အောင်မြင်စွာပျံသန်းပြနိုင်ရမှာဖြစ်ပါတယ်။ တစ်ဦးချင်းပျံသန်းမှုကိုကျော်ဖြတ်အောင်မြင်လာကြတဲ့ လေသူရဲလောင်းတွေဟာ လေယာဉ်ကျွမ်းထိုးပျံသန်းခြင်း၊ ခရီးဝေးပျံသန်းခြင်း၊ ချိန်ခွက်ကြည့်ပျံသန်းခြင်း၊ အုပ်ဖွဲ့ပျံသန်းခြင်းနဲ့ ညပျံသန်းခြင်းအစရှိတဲ့ ပျံသန်းရေးသင်ခန်းစာတွေကို ဆက်လက်သင်ကြားပြီးချိန်မှာ အခြေခံလေယာဉ်မောင်းသင်တန်းအပိုင်းပြီးမြောက်ပြီပဲဖြစ်ပါတယ်။

အဲဒီအခြေခံ လေယာဉ်မောင်းသင်တန်းအောင်မြင်ပြီးသူတွေထဲကမှ စာပေရမှတ်နဲ့ ပျံသန်းမှုအရည်အသွေးအပေါ်မူတည်ပြီး တိုက်ခိုက်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ ရဟတ်ယာဉ်ဆိုပြီး လေယာဉ်အမျိုးအစားတွေခွဲခြားပြီးတော့ အကြိုတန်းမြင့်နဲ့ တန်းမြင့်သင်တန်းအပိုင်းတွေကို ဆက်လက်သင်ကြားပို့ချတာပဲဖြစ်ပါတယ်။ တန်းမြင့်လေယာဉ်မောင်းသင်တန်းအပိုင်း တက်ရောက်ပြီးချိန်မှာတော့ လေသူရဲလောင်းအားလုံးဟာ ပျံသန်းချိန်စုစုပေါင်း ၁၈၀ နာရီရရှိမှာဖြစ်ပြီး သင်တန်းပြီးမြောက်အောင်မြင်ပြီပဲဖြစ်ပါတယ်၊ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)က တပည့်တွေအနေနဲ့ ပျံသန်းမှု အတတ်ပညာတွေကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင်မြင်ပြီးတော့ အခုလို ရွှေတောင်ပံကို ရင်ဘတ်မှာ ဝင့်ဝင့်ကြွားကြွားတပ်ဆင်ထားတာကို မြင်ရတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးရကြောင်း ပြောကြားလိုပါတယ်။

**ဗိုလ် ဇေယျာလင်းမောင် (စံပြလေသူရဲဆု)**

ပျံသန်းရေးနဲ့ စာပေသင်ကြားမှုအပိုင်းတွေမှာ ဆရာတွေရဲ့သင်ကြားပြသမှုမှန်သမျှကို သေသေချာချာနဲ့ စိတ်ဝင်တစား လေ့လာကြိုးစားခဲ့ပါတယ်။ ပျံသန်းရေးစည်းကမ်းတွေနဲ့ မြေပြင်စည်းကမ်းတွေကို တိကျစွာလိုက်နာရခဲ့တဲ့အပြင် ဆရာတွေရဲ့ သွန်သင်ဆုံးမမှုတွေကိုလည်း ကြိုးစားပြီး လိုက်နာသင်ယူခဲ့ပါတယ်။ စံပြလေသူရဲဆုရရှိတာနဲ့အညီ ရှေ့လျှောက်မှာလည်း အရာရာမှာစံနမူနာပြဖြစ်အောင်ကျင့်ကြံနေထိုင်သွားမှာပါ။ ကျွန်တော့်အနေနဲ့ ပေးအပ်တဲ့ အမိန့်နဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ပြီး တိုင်းပြည်နဲ့လူမျိုးက အားကိုးအားထားပြုရတဲ့ စံပြလေသူရဲတစ်ဦးဖြစ်အောင် ကြိုးစားအားထုတ်သွားမှာပဲဖြစ်ပါတယ်။

**ဗိုလ် ပိုင်ခန့်ဟိန်း (လေယာဉ်မောင်းထူးချွန်ဆု)**

ပျံသန်းရေးသင်ကြားမှုအပိုင်းမှာ ဆရာတွေရဲ့ သင်ကြားပြသမှုမှန်သမျှကို သေသေချာချာနဲ့ စိတ်ဝင်တစား လေ့လာကြိုးစားခဲ့တာဖြစ်ပါတယ်၊ ပျံသန်းရေးသင်ခန်းစာတွေ၊ Procedure တွေ၊ Exercise Plan တွေကို ဘယ်လိုဆောင်ရွက်မယ်ဆိုတာကို ပျံသန်းရေးလေ့ကျင့်ခန်းများမပြုလုပ်မီ ဆရာနဲ့ဆွေးနွေးပြီး ကြိုတင်ပြင်ဆင်မှုတွေကို အသေးစိတ်ပြုလုပ်ပါတယ်။ ပျံသန်းရေးပြုလုပ်ပြီးချိန်မှာလည်း လေ့ကျင့်ခဲ့တဲ့ ပျံသန်းရေးသင်ခန်းစာတွေကို ဆရာနဲ့ပြန်လည်ဆွေးနွေးပြီး မရှင်းလင်းတာတွေကိုမေးမြန်းခဲ့ပါတယ်။ ဆရာတွေပြင်ဆင်ပေးတဲ့အချက်တွေကို နောက်တစ်ကြိမ်လေ့ကျင့်ပျံသန်းချိန်မှာ အမှားအယွင်းမရှိရအောင် မြေပြင်မှာအထပ်ထပ်အခါခါလေ့ကျင့်ခဲ့ပါတယ်။ ဝေဟင်စည်းကမ်းသာမက မြေပြင်စည်းကမ်းတွေကိုပါ တိကျစွာလိုက် နာလေ့ကျင့် ရတဲ့အပြင် ဆရာတွေရဲ့ သွန်သင်ဆုံးမမှုများကိုလည်း နာခံမှတ်သားခဲ့ရပါတယ်၊ လေယာဉ်မောင်းသင်ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ပျံသန်းမှုအတတ်ပညာတွေကို အခြေခံပြီး နိုင်ငံတော်နဲ့တပ်မတော်အတွက် အားကိုးအားထားပြုရတဲ့ လေသူရဲကောင်းတစ်ဦးဖြစ်အောင် ဆက်လက်ကြိုးစားသွားပါမယ်။

**ဗိုလ် ဘုန်းမင်းသူရိန် (စာပေထူးချွန်ဆု)**

ကျွန်တော့်အနေနဲ့ အခြေခံလေယာဉ်သားလောင်းသင်တန်းကစလို့ သင်တန်းကာလတစ်လျှောက်လုံးမှာ လေကြောင်းပညာရပ်ဆိုင်ရာ သီအိုရီတွေ၊ နည်းစနစ်တွေနဲ့ လုပ်ငန်းစဉ်တွေကိုသေချာသိအောင်၊ နားလည်လာအောင် လေ့လာဆည်းပူးသင်ယူခဲ့ပါတယ်။ ဒါ့အပြင် နည်းပြဆရာတွေရဲ့သင်ကြားပြသမှုတွေနဲ့ ပြန်လည်ဆွေးနွေးမှုတွေကို စူးစမ်းလေ့လာလိုစိတ်အပြည့်နဲ့ သေသေချာချာကြိုးစားသင်ယူခဲ့လို့ အခုလိုထူးချွန်ဆုရရှိခဲ့တာပါ။ ကျောင်းတော်ကရရှိခဲ့တဲ့ အသိပညာ၊ အတတ်ပညာတွေကို အခြေခံပြီး ပေးအပ်လာတဲ့တာဝန်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ပြီး ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်သွားမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်နဲ့တပ်မတော်အတွက် အားကိုးအားထားရတဲ့ လေသူရဲတစ်ဦးဖြစ်အောင်လည်း ဆက်လက်ကြိုးစားသွားမှာပါ။

**ဇော်မျိုး(မြဝတီ)**
**ဓာတ်ပုံ – ရွှေဖြိုး**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာအောင်ကျော် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာအေးအေးသန့် | ပါမောက္ခချုပ်<br>ရေနံချောင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏(၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၁

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လက်ရှိအစိုးရလက်ထက်တွင် (၁၇)ကြိမ်မြောက်ကျင်းပသည့်ယနေ့အစည်းအဝေးတွင် လက်ရှိအချိန်အထိ ဆောင်ရွက်ရန်ရှိသည့်အမှုတွဲများ အပြီးအပြတ်ဆောင်ရွက်နိုင်ရေးဆွေးနွေးဆုံးဖြတ်သွားရန်လိုအပ်ကြောင်း။

ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ထားသော လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့်နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန်ဆောင်ရွက်မည့်စံပြုလုပ်ထုံးလုပ်နည်း (SOP) အရလည်းကောင်း စိစစ်ပြီး ကိုက်ညီမှန်ကန်မှုရှိပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်အတည်ပြုပေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်သွားမည့်နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ သိမ်းယူခဲ့ရသည့် လယ်ယာမြေများအတွက် လျော်ကြေးနစ်နာကြေးတွက်ချက်တင်ပြလာသောလုပ်ငန်းကိစ္စရပ်များ၊ SOPနှင့် အညီ စိစစ်တင်ပြလာသည့်လုပ်ငန်းကိစ္စရပ်များ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်တင်ပြလာသည့် ကိစ္စရပ်များ၊ သာသနာမြေများ ဌာနဆိုင်ရာမြေများနှင့်ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်တင်ပြလာသည့် ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်ရမြေကို စိုက်ပျိုးလုပ်ကိုင်မှုတည်ငြိမ်သဖြင့် လယ်ယာမြေအဖြစ်ပြောင်းလဲခွင့်လျှောက်ထားလာသော ကိစ္စရပ်များ၊ သီးနှံပြောင်းလဲစိုက်ပျိုးခွင့်ပြုပါရန် တင်ပြလာသောကိစ္စရပ်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ-၇ ပယ်ဖျက်ပေးပါရန် တင်ပြလာသောကိစ္စရပ်များ၊ ခွင့်ပြုထားသောလယ်ယာမြေ အခြားနည်းအသုံးပြုခွင့်များကို ပယ်ဖျက်ခြင်းနှင့် ပတ်သက်သောကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း ၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် တို့၏ မြေယာအယူခံမှုများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပါးစိုက်ပျိုးလျက်ရှိသည့် ယာမြေများအား လယ်မြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ရေး ကိစ္စရပ်များကိုတင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များကအကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးစိစစ်ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

# (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပွဲတော်များနှင့် ခရီးသွားကဏ္ဍနှင့်ဟိုတယ်ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



မြစ်ကြီးနား ဇန်နဝါရီ ၂၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြစ်ကြီးနားမြို့ Shwe Hee Hotel နှင့် Jade Garden Hotel သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည်ဟိုတယ်များ၏ ဂုဏ်အင်္ဂါအဆင့်နှင့် လျော်ညီစွာ ပြင်ဆင်တည်ဆောက်ထားရှိမှုအခြေအနေများ၊ အိပ်ခန်းဆောင်၊ စားသောက်ခန်းမများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ဝန်ဆောင်မှုစနစ်များနှင့် ဟိုတယ်တစ်ခု၏ စံချိန်စံညွှန်းများ ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးကိုအထောက်အကူပြုမည့် ဟိုတယ်လုပ်ငန်းကဏ္ဍ၏ အရည်အသွေးပိုမိုပြည့်မီမှုရှိစေရေးလိုအပ်ချက်များကို မှာကြားသည်။

ထို့ပြင် (၇၈)နှစ်မြောက်ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြုလုပ်သည့် ကရာတေးကုမိတဲ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲသို့ ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ကရာတေးဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးခဲ့သည်။ အဆိုပါပြိုင်ပွဲသည် ပြည်နယ်အားကစား လုပ်ငန်းဆက်လက်ရှင်သန်ထွန်းကားရေးနှင့် လူငယ်များအကြား သန့်ရှင်းမှန်ကန်သည့်အားကစား စိတ်ဓာတ်ပိုမိုပြန့်ပွားစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယင်းနောက် ကချင်ပြည်နယ်ဘောလုံးလက်ရွေးစင်ဟောင်း Old Star အသင်း၏ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဤလှုပ်ရှားမှုများသည် ၂၀၂၆ ခုနှစ်မှစတင်၍ ကချင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားယဉ်ကျေးမှုမြှင့်တင်ရေးလမ်းကြောင်းပေါ် ပိုမိုခိုင်ခိုင်မာမာပေါ်လွင်လာစေပြီး နောင်ရှေ့လုပ်ငန်းစဉ်များအရ ကချင်ပြည်နယ်အတွင်းထူးခြားဆန်းသစ်သော Sports Tourism Festival အားကစားပွဲများ၊ ခရီးသွားဆွဲဆောင်မှုများ ပိုမိုတိုးမြှင့်ကျင်းပသွားနိုင်ရေးနှင့် မြန်မာ့အားကစား ဦးမော့လာနိုင်ရေး၊ ခရီးသွားကဏ္ဍစွမ်းဆောင်မှု ပိုမိုကောင်းမွန်လာစေရေးအတွက် ဆက်လက်ပြီး ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ရန်ကုန်မြို့ရှိ စားသုံးဆီများ တင်သွင်းသိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးနေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကြီးကြပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးများနှင့် အဖွဲ့ဝင်များ၊ စားသုံးဆီအရည်အသွေးစစ်ဆေးကြပ်မတ်ရေးအဖွဲ့ (MITS)မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့တွင်းရှိဆီသိုလှောင်ကန်များနှင့် သီလဝါစက်မှုဇုန်ရှိ ဆီသိုလှောင်ကန်များသို့ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စားသုံးဆီကန် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးငွေမိုးနှင့် စားသုံးဆီတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီများမှတာဝန်ရှိသူများ လိုက်ပါလျက် ဆီများသိုလှောင်ထားရှိမှုအခြေအနေ၊ ဆီများတင်ဆောင်လာသော နိုင်ငံခြားသင်္ဘောကြီးများမှဆီသိုလှောင်ကန်များအတွင်းသို့ သိုလှောင်ထည့်သွင်းနေမှုအခြေအနေများ၊ စားသုံးဆီအရည်အသွေး၊ စားသုံးဆီတင်သွင်းတန်ချိန်များ မှန်ကန်မှုရှိ/ မရှိနှင့် ဆီကန်များမှ ဆီများစနစ်တကျဖြန့်ဖြူးနေမှုများနှင့် ဝိတ်ချိန်များ လျော့နည်းမှုမရှိစေရေးတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စားသုံးဆီများအား ပြည်သူများ ကျန်းမာရေးနှင့်အညီ စားသုံးနိုင်ရန်အတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ စားသုံးဆီကန် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးဆီအရည်အသွေး စိစစ်ကြပ်မတ်ရေးအဖွဲ့တို့မှ ဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးနေမှု လုပ်ငန်းစဉ်များ၊ ဆီကန်များလုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအစီအမံများထားရှိရေး၊ ဆီအရည်အသွေးနှင့် ဝိတ်ချိန်များ လျော့နည်းမှုမရှိစေရေး၊ ဆီကန်ဝန်ထမ်းများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအား အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

○ **ရှေ့ဖုံးမှအဆက်**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ထွန်းဝင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများ၊ နည်းပြဆရာများ၊ ကျောင်းဆင်းလေသူရဲအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ)အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြပြီး နည်းပြလေသူရဲများက အမောင်းသင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်းအလေးပြုကြသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)က လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)မှ ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်း အပ်နှင်းသည်။ ၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က စံပြလေသူရဲဆုရ လေ ၄၆၁၁ ဗိုလ် ဇေယျာလင်းမောင်၊ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၆၀၆ ဗိုလ် ပိုင်ခန့်ဟိန်း၊ စာပေထူးချွန်ဆုရ လေ ၄၅၄၅ ဗိုလ်ဘုန်းမင်းသူရိန် တို့အား ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင် လေယာဉ်မောင်း သင်တန်းအမှတ်စဉ်(၈၇) ကျောင်းဆင်းတောင်ပံ အပ်နှင်းပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)မှ စံပြလေသူရဲဆုရ လေ ၄၆၁၁ ဗိုလ်ဇေယျာလင်းမောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)မှ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၆၀၆ ဗိုလ်ပိုင်ခန့်ဟိန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ် ဖြစ်လာစေရန်အတွက် တပ်မတော်(လေ)ရှိ ခေတ်မီလေယာဉ်/ရဟတ်ယာဉ်များကို ပျံသန်းမောင်းနှင်မည့်အရည်အချင်း၊ အရည်အသွေးပြည့်မီသော လေသူရဲများမွေးထုတ်ပေးရန် ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အတွက် မျိုးဆက်သစ်လေသူရဲများဖြစ်သည့် ရဲဘော်တို့ကို လေယာဉ်မောင်းသင်ကျောင်းမှ လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်(လေ)ရှိ ပျံသန်းရေးအုပ်အသီးသီးတွင် တန်ဖိုးကြီးမားသည့် အဆင့်မြင့်လေယာဉ်၊ ရဟတ်ယာဉ်များကို တာဝန်ယူပျံသန်းမောင်းနှင်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို

■ **အာဆီယံမသန်စွမ်းအားကစားမှ**

80th Birthday Anniversary Commemorative Stadium အတွင်း၌ ကျင်းပခဲ့ရာ ရေကူး(အမျိုးသား) မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က မြန်မာနိုင်ငံအတွက် ပထမဦးဆုံး(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကို အင်ဒိုနီးရှားနိုင်ငံကလည်းကောင်း၊ တတိယ(ကြေးတံဆိပ်)ဆုကို ဗီယက်နမ်နိုင်ငံကလည်းကောင်း၊ ရေကူး(အမျိုးသား) မီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နန္ဒစိုးမင်းက ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကို အိမ်ရှင်ထိုင်းနိုင်ငံမှလည်းကောင်း၊ တတိယ(ကြေးတံဆိပ်)ဆုကို ဗီယက်နမ်နိုင်ငံမှလည်းကောင်း၊ ရေကူး (အမျိုးသား) မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းနိုင်ငံက ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကို မြန်မာနိုင်ငံမှ စိုးဝင်းကလည်းကောင်း၊ တတိယ(ကြေးတံဆိပ်)ဆုကို ဗီယက်နမ်နိုင်ငံကလည်းကောင်း၊ ရေကူး (အမျိုးသား) မီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ဆုကို မလေးရှားနိုင်ငံကလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကို မြန်မာနိုင်ငံမှ မင်းထူးကလည်းကောင်း၊ တတိယ(ကြေးတံဆိပ်)ဆုကို အင်ဒိုနီးရှားနိုင်ငံကလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်၍ (အမျိုးသား) သံလုံးပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တင်ညိုက ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကို အင်ဒိုနီးရှားနိုင်ငံကလည်းကောင်း၊ တတိယ(ကြေးတံဆိပ်)ဆုကို မြန်မာနိုင်ငံမှ အောင်ထွန်းလင်းကလည်းကောင်း အသီးသီးရရှိခဲ့သည်။

ထို့နောက် (အမျိုးသမီး) သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုနှင့်တတိယ(ကြေးတံဆိပ်)ဆုကို ဖိလစ်ပိုင်နိုင်ငံကလည်းကောင်း၊ (အမျိုးသမီး) သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ဆုကို မလေးရှားနိုင်ငံကလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကို မြန်မာနိုင်ငံမှ ချောဧကရီကလည်းကောင်း၊ တတိယ(ကြေးတံဆိပ်)ဆုကို မလေးရှားနိုင်ငံကလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

(၂၁.၁.၂၀၂၆)ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်ဂိုးလ်ဘော၊ မျက်မမြင်စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘောလုံးအားကစားနည်းများတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ် ၄ ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၁ ခု စုစုပေါင်း ဆုတံဆိပ် ၈ ခု ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ ရွှေ၊ ငွေနှင့်ကြေးတံဆိပ်ဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးကလည်းကောင်း၊ အခြားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများကလည်းကောင်း အသီးသီး ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် ထိုင်လျက်ဘော်လီဘောအုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက အိမ်ရှင်ထိုင်းအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ ၇ ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် ၂ ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲများတွင် ပထမ(ရွှေတံဆိပ်)ဆုရရှိခဲ့သူများကို ဒေါ်လာ ၃၀၀၊ ဒုတိယ(ငွေတံဆိပ်) ဆုရရှိခဲ့သူများကို ဒေါ်လာ ၂၀၀ နှင့် တတိယ(ကြေးတံဆိပ်)ဆုရရှိခဲ့သူများကို ဒေါ်လာ ၁၀၀ တို့အား မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ကိုယ်စား မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

(၂၂.၁.၂၀၂၆)ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် မျက်မမြင်စစ်တုရင်၊ မျက်မမြင်ဂိုးလ်ဘော၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ ဘောလုံး၊ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘိုစီယာနှင့် ဘိုးလင်းအားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်လွင်(မြဝတီ)

❒ **ကျောဖုံးမှအဆက်**

ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင်ထိုင်းနိုင်ငံက ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေကြပြီး အာဆီယံနိုင်ငံများမှ အားကစားအဖွဲ့များက ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် Asean Para Sports Federation(APSF) ဥက္ကဋ္ဌ Board of Governor (BoG) အတွင်းရေးမှူး Major General Osoth Bhavilai နှင့် Sports Authority of Thailand (SAT) ဥက္ကဋ္ဌ Dr.Kongsak Yodmanee တို့က အဖွင့်မိန့်ခွန်းပြောကြားပြီး ထိုင်းနိုင်ငံဘုရင်ကိုယ်စား Prince Chalermsuk ကကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြား၍ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ယင်းနောက် ထိုင်းနိုင်ငံ အလံ၊ Asean Para Sports Federation(APSF) အလံနှင့် Asean Para Games အလံတို့ကို လွှင့်တင်ခဲ့ပြီး အားကစားသမားများနှင့် ဒိုင်လူကြီးများက ကတိသစ္စာရွတ်ဆိုကြသည်။

ဆက်လက်၍ အိမ်ရှင်ထိုင်းနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် မသန်စွမ်းအားကစားသမားများက မီးရှူးတိုင်အား လက်ဆင့်ကမ်းသယ်ဆောင်၍ ထွန်းညှိခဲ့ပြီး မီးရှူးမီးပန်းများပစ်ဖောက်ကာ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိဘန်ကောက်နှင့် နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့တို့တွင် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ အားကစားနည်း ၁၉ နည်းထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၁ နည်းတွင် အုပ်ချုပ်/နည်းပြ၊ အားကစားသမားစုစုပေါင်း ၁၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်လွင်(မြဝတီ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

စတင် ထမ်းဆောင်ရတော့မည်ဖြစ်ကြောင်း။

ပေးအပ်လာသည့် စစ်ဆင်ရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ပျံသန်းရေးတာဝန်များကိုအောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် မိမိကွပ်ကဲကြပ်မတ်ရသည့် တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်၊ စွမ်းရည်နှင့် ကျွမ်းကျင်မှုတို့ကို စနစ်တကျစုစည်းပြီး ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လက်အောက်ငယ်သားများ၏ လုပ်ကိုင်နိုင်စွမ်းများကို ဦးဆောင်မြှင့်တင်ပေးရမည်ဖြစ်သည့်အတွက် မိမိတို့ကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စံနမူနာပြဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း၊ ရိုးသားဖြောင့်မတ်ပြီး လက်အောက်ငယ်သားများကို ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရန်လိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၇)မှ စာပေထူးချွန်ဆုရ လေ ၄၅၄၅ ဗိုလ်ဘုန်းမင်းသူရိန်အား ဆုပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်(လေ)သည် စတင်ဖွဲ့စည်းချိန်တွင် အခက်အခဲများစွာကြားက ယနေ့အထိ နိုင်ငံတော်၏ အန္တရာယ်ဟူသမျှကို ချေဖျက်ရင်း ကြံ့ကြံ့ခိုင်ခိုင် တိုးတက်ရပ်တည်နိုင်ခဲ့ခြင်းသည် စည်းကမ်းကို မဏ္ဍိုင်ပြုတည်ဆောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် ပျံသန်းရေးတာဝန်များ ထမ်းဆောင်ရမည့် လေသူရဲများအနေဖြင့်တစ်ကိုယ်ရေစည်းကမ်း၊ မြေပြင်စည်းကမ်းနှင့် ပျံသန်းရေးစည်းကမ်းစသည့် အခြေခံစည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာသွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လေသူရဲတစ်ဦးအတွက် တစ်ကိုယ်ရေစည်းကမ်းသည် မိမိကိုယ်ကို အစဉ်တိုးတက်ဖို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေပြင်စည်းကမ်းသည် ပျံသန်းမှုမစတင်မီ မြေပြင်တွင် လုပ်ဆောင်ရသည့် လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့လိုက်ညှိနှိုင်းဆောင်ရွက်မှုများနှင့် စစ်ဆေးကြပ်မတ်မှုများကို တိကျစွာလိုက်နာခြင်းအားဖြင့် အဖွဲ့အစည်းတစ်ခုလုံး၏ ဘေးကင်းလုံခြုံမှုကို တည်ဆောက်ခြင်းဖြစ်ပြီး ပျံသန်းရေးစည်းကမ်းသည် ပျံသန်းရေးနှင့်သက်ဆိုင်သောစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာခြင်းဖြစ်ကြောင်း၊ ၎င်းစည်းကမ်းများကို အပြည့်အဝလိုက်နာခြင်းဖြင့် ပျံသန်းရေးတာဝန်များအပြင် ပေးအပ်လာသည့်တာဝန်အမျိုးမျိုးကို ထမ်းဆောင်ရာ၌ ဘေးကင်းလုံခြုံမှုနှင့် အောင်မြင်မှုများရရှိမှာဖြစ်ကြောင်း။

စိတ်ဓာတ်မြင့်မားကောင်းမွန်ရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်ရန်အတွက် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာခြင်းသည် အထောက်အကူများစွာ ရရှိနိုင်သဖြင့် စာဖတ်သည့်အလေ့အကျင့်ကို တည်ဆောက်သွားကြရန်လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်သာမက လက်အောက်တပ်ဖွဲ့ဝင်များကိုလည်း စာဖတ်ရန်နှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် အမြဲလေ့လာဆည်းပူးနေရန် ကြပ်မတ်သွားရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုရာတွင် စာအုပ်စာစောင်များအပြင် ခေတ်နှင့်အညီ Digital နှင့် Online Platform များကိုပါ အသုံးပြုလေ့လာကြရန်လိုအပ်ကြောင်း။

စွမ်းအားပြည့်ဝသော ခေတ်မီတပ်မတော်(လေ)ဖြစ်စေရေး လေယာဉ်/ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် လက်နက်စနစ်များကို ဝယ်ယူဖြည့်တင်းခြင်း၊ သုတေသနပြုထုတ်လုပ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လေယာဉ်/ ရဟတ်ယာဉ်များနှင့် လက်နက်စနစ်များကို မောင်းနှင်ကိုင်တွယ်အသုံးပြုရမည်ဖြစ်သဖြင့် ခေတ်မီနည်းပညာများကို တတ်သိကျွမ်းကျင်နေပြီး စွမ်းအားပြည့်ထိထိရောက်ရောက် အသုံးပြုတိုက်ပွဲဝင်နိုင်ရန် စဉ်ဆက်မပြတ်လေ့လာ၍ သင်ခန်းစာဖော်ထုတ်လေ့ကျင့်ပြင်ဆင်သွားရန် လိုအပ်ကြောင်း။

တပ်မတော်(လေ)အနေဖြင့် သမားရိုးကျစစ်ပွဲအပြင် သမားရိုးကျမဟုတ်သောစစ်ပွဲများနှင့် စိန်ခေါ်မှုများကို ခုခံတွန်းလှန်နိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ဆတက်ထမ်းပိုး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာပျံသန်းရေးအုပ်အသီးသီးတွင်ရောက်ရှိ တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် လိုအပ်လာပါက ကျရာတာဝန်အသီးသီးကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ရန်စစ်ရေးအသင့်အမြဲရှိနေအောင်လေ့ကျင့်ပြင်ဆင်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)သည် ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)သည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၊ လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် လေသူရဲအရာရှိများနှင့် ၎င်းတို့၏မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံအပ်နှင်းခြင်းခံရသူ ကျောင်းဆင်းလေသူရဲအရာရှိများအား သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ်အမျိုးအစားအလိုက် ပျံသန်းရေးအုပ်များတွင် ဆက်လက်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ညပိုင်းတွင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၇) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ထွန်းဝင်းနှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ နည်းပြဆရာများ၊ ကျောင်းဆင်းလေသူရဲအရာရှိများ၏ မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းလေသူရဲအရာရှိများနှင့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး တပ်မတော်(လေ)တေးဂီတအဖွဲ့၏ တေးသီချင်းများနှင့်တေးသရုပ်ဖော်အစီအစဉ်များဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့သည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ကျောင်းဆင်းအရာရှိများနှင့်၎င်းတို့၏မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)

**❖ အွန်လိုင်းလိမ်လည်မှုမှ**

ပြည်ပနိုင်ငံသား ၄၇၇ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Wang Tian Wei နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. David Leonard Hatumena နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ First Secretary Mr. Jahir Emam နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံမှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိတ္ထီလာမြို့နယ်၌ ဆောင်းမြေပဲနှင့် ဆောင်းနေကြာဧက ၁၃၀၀ ကျော်စိုက်ပျိုးပြီးစီး

မိတ္ထီလာ ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ ဆောင်းမြေပဲနှင့် ဆောင်းနေကြာစိုက်ပျိုးဧက ၁၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။



မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ ဆောင်းမြေပဲနှင့်ဆောင်းနေကြာစိုက်ပျိုးဧက ၃၂၁၆ ဧကစိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ဆီထွက်သီးနှံဆောင်းမြေပဲနှင့် ဆောင်းနေကြာများကို စိုက်ပျိုးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်း ဆီထွက်သီးနှံ ဆောင်းမြေပဲနှင့်ဆောင်းနေကြာ စိုက်ဧကများ သတ်မှတ်လျာထားသည့် အထွက်နှုန်းများရရှိစေရန် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်းသိရသည်။ (၆၀၂)

**နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်**

နေပြည်တော် ဇန်နဝါရီ ၂၁

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

(မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar's advocates continue to respond in Gambia-Myanmar case

NAY PYI TAW January 21

The oral hearings in the Gambia–Myanmar case are taking place from 12 to 29 January at the International Court of Justice in The Hague, the Netherlands. Myanmar delivered its first oral arguments, from 10 am to 6 pm local time on 20 January, with its lead counsel, Mr. Christopher Staker, and counsel, Mr. Sam-Bloom Cooper and Ms. Leigh Lawrie KC, presenting the case.

Myanmar's lawyers responded to The Gambia's allegations, with Mr. Stefan Talmon addressing The Gambia's claim that Myanmar intended to exterminate the Bengalis through the spread of hate speech, and Ms. Alina Miron responding to allegations of failure to prosecute and destruction of evidence.

Myanmar's lawyer Sam-Bloom Cooper responded to allegations of failure to meet the burden of proof, while Mr. Stefan Talmon responded to The Gambia's allegations concerning legal follow-up issues. (The counterarguments of Myanmar's counsels are excerpted separately.)

**Myawady**




# Prof Stefan Talmon Presents Counterarguments at ICJ

Professor Stefan Talmon submitted the rebuttal arguments on alleged hate speech and propaganda for the case of The Gambia versus Myanmar at the International Court of Justice in The Hague, the Netherlands, on 20 January.

He stated: One of The Gambia's arguments is that the utterances of Myanmar soldiers are an indicator of genocidal intent. You were presented on screen with seven statements which allegedly represented "utterances of soldiers posted online". However, the Reuters report that is adduced as evidence does not even mention the word "soldier". All statements are unattributed. One of the seven statements is not even included in the report. One of the statements was a comment on a news article on attacks on police stations by Bengali militants.

This example is only to show that when the Court deals with the statements put forward by The Gambia, it needs to focus very closely on the original statements themselves. The Court should take note of the fact that, in many cases, The Gambia does not put forward the statement itself but relies on secondary sources, reports and news articles. Material of this nature is of no evidential value.

The Gambia says that the Court must determine whether Myanmar's alleged use of hate speech and propaganda "constitutes an indicator of genocidal intent." In its presentation last week, The Gambia referred thirteen times to "anti-Rohingya hate propaganda, and the hateful utterances of Myanmar soldiers" – speech acts it considers to be indicators of genocidal intent. It comes as no surprise that at the end of the presentation, The Gambia concluded that such hate speech and utterances are "conclusive indicators of genocidal intent".

This approach has no basis in the Court's case law. The Court follows an "inference from a pattern of conduct" approach. The Court first establishes a pattern of conduct from which genocidal intent is then inferred. So there is no direct inference of genocidal intent from hate speech or the tolerance of hate speech.

The only question, therefore, is whether hate speech and the toleration of hate speech could be relevant for establishing a pattern of conduct from which genocidal intent could be inferred. A pattern of conduct has been defined as "a consistent series of acts carried out over a specific period of time." The two elements of genocide must be "linked". It is the acts committed by the perpetrators of the attacks on the protected group that must form the pattern of conduct from which the inference is drawn. Extraneous factors, such as hate speech and toleration of hate speech, would inevitably raise the question of their relationship to the actual attacks and the question of causation.

The Gambia's hate speech and propaganda argument is thus irrelevant for establishing an alleged general plan to destroy the Bengali Muslim group in whole or in part by way of inference from a pattern of conduct.

